ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ စနေနေ့၊ (21-5-2005) (၄၆၀၂)

အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ခိုင်မာသည်ထက် ပိုမိုခိုင်မာအောင် တည်ဆောက်နေကြရန် အလွန်အရေးကြီး လိုအပ်နေသည့် အချိန်ကာလဖြစ်။

SSNA

ရန်ကုန်　　မေ　　၂၀

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေး ခေါင်းဆောင်သော ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀နာရီ မိနစ် ၂၀ တွင် လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်ခဲ့သည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)　　(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၁-၅-၂၀၀၅
(စနေနေ့)

တစ်ကိုယ်ရေကျန်းမာမှု စောင့်ရှောက်ရေး အလေးထား ကျန်းမာရေး အသိပညာပေးမှု ဂရုပြုလိုက်နာ

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အလေးထားကြရသည့် လိုအပ်ချက်ဖြစ်သည်။ လူတိုင်းလူတိုင်း ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ အသက်ရှည်ခြင်းတို့ဖြင့် ပြည့်စုံနေရန် အထူးလိုအပ်သည်။ သို့မှသာ ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် မိမိတို့၏ ကာယ၊ ဉာဏ စွမ်းအားအလိုက် အင်ပြည့် အားပြည့် ပါဝင်စွမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ဦးတည်ပြီး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အဘက်ဘက်က တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်။ ပြည်သူများ၏ ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းသည် အရေးပါထိရောက်သော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ပြည်သူတိုင်း ကျန်းမာခြင်းသုခ ပြည့်စုံစွာရရှိစေရန် ဖန်တီးဖော်ဆောင်ရာ၌ ကျန်းမာရေးဌာန တစ်ခုတည်းသာမက ပြည်သူလူထုတစ်ရပ်လုံးကပါ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ပူးပေါင်းပါဝင် လုပ်ဆောင်ကြရန်လိုအပ်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ထမ်းများက ပြည်သူများ ရောဂါဘယကင်းဝေးစေရေးအတွက် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ဖြန့်ဝေပညာပေးခြင်း၊ အချိန်ရာသီအလိုက် ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပေးခြင်းတို့ဖြင့် အသိပညာပေးလျက်ရှိသည်။

ယခုအချိန်သည် ရာသီဥတု ပူပြင်းမှုကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြီး မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်နိုင်ကြောင်း သိရသည်။ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ သိရှိလိုက်နာနိုင်ရန် အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်ကို ထုတ်ပြန်ထားရာ ပြည်သူများက ဂရုပြုလိုက်နာ ဆောင်ရွက်ကြရန် လိုအပ်သည်။

ပြည်သူများအနေဖြင့် သတိပြု၍ ကာကွယ်ရမည့် ရောဂါတစ်ခုမှာ သွေးတိုးရောဂါဖြစ်သည်။ သွေးတိုးရောဂါသည် ကမ္ဘာပေါ်ရှိနိုင်ငံအများအပြားတွင် တွေ့ကြုံခံစားနေရပြီး အချို့နိုင်ငံများတွင် အသက် ၆၀ ကျော်သည့် လူဦးရေ၏ ထက်ဝက်ကျော်မှာ သွေးတိုးရောဂါဖြစ်ပွားလျက်ရှိသည်။

မြန်မာနိုင်ငံတွင် သွေးတိုးရောဂါ ဖြစ်ပွားမှုနှုန်းမှာ လူတစ်ရာလျှင် ၁၆ ဦးမှ ၂၀ ခန့်အထိဖြစ်ကြောင်း သုတေသနပြုချက်များအရ သိရှိရသည်။ သွေးတိုးရောဂါရှိသူများသည် ခေါင်းကိုက်ခြင်း၊ မျက်စိဝေခြင်း၊ အားအင်ကုန်ခမ်းခြင်း၊ မောဟိုက်ခြင်း လက္ခဏာများ ရှိနိုင်၍ အခါအားလျော်စွာ သွေးပေါင်ချိန်၍စစ်ဆေးခြင်း၊ သွေးတိုးရောဂါရှိပါက သွေးပေါင်မှန်မှန်ချိန်၍ စနစ်တကျ ဆေးကုသမှုခံယူခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

သွေးတိုးရောဂါသည် နောက်ဆက်တွဲ ဝေဒနာများ ဖြစ်သည့် ဦးနှောက်သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ နှလုံးကြီးခြင်း၊ နှလုံးသွေးကြော ကျဉ်းမြောင်းပိတ်ဆို့ခြင်း၊ ကျောက်ကပ် ပျက်စီးခြင်းနှင့် မျက်စိကွယ်ခြင်းတို့ ဖြစ်ပေါ်လာနိုင်ကြောင်း သိရှိရသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် သွေးတိုးရောဂါမဖြစ်ပွားစေရေး ကာကွယ်ထိန်းသိမ်းနိုင်ရန် ကိုယ်အလေးချိန် ထိန်းသိမ်းလျှော့ချခြင်း၊ အငန်ဓာတ်ပါသောအစားအစာများ လျှော့စားခြင်း၊ အရက်အလွန်အကျွံသောက်သုံးမှုမပြုခြင်း၊ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုပြုခြင်း၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ စိတ်ဖိစီးမှုနည်းအောင် နေထိုင်ခြင်းစသည့် နည်းလမ်းများဖြင့် စနစ်တကျ နေထိုင်စားသောက်ကြရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံး အသက်ရှည်ကျန်းမာကြံ့ခိုင်စေရေးအတွက် တစ်ကိုယ်ရေကျန်းမာမှု စောင့်ရှောက်ရေးလုပ်ငန်းများကို အစဉ်အလေးထားကြပြီး ကျန်းမာရေးဝန်ကြီးဌာနက အချိန်ရာသီအလိုက် ထုတ်ပြန်ထားသည့် ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များနှင့်အညီ ဂရုပြုလိုက်နာ ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ကျိုင်းတုံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း အဆင့်မြင့်အပ်ချုပ်သင်တန်းနှင့် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲတက်ရောက်

ရန်ကုန် မေ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၁၁/၂၀၀၅) နှင့် အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ် (၃၉/၂၀၀၅) သင်တန်းဖွင့်ပွဲကို မေ ၁၆ ရက် နံနက် ၈ နာရီက အဆိုပါသင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီး ရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံစက်ချုပ်သင်တန်းတို့ကို ရက်သတ္တပတ် ၁၄ပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်များမှ ဒေသခံတိုင်းရင်းသူ ၄၀ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၀

အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ကြီး၏(ဂဏဝါစက) မြို့နယ်သံဃနာယက၊ တိုင်းသံဃာ့ဝန်ဆောင် ဘဒ္ဒန္တပဏ္ဍိတဘာတိကာဘိဝံသအား ၁၃၆၇ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်၊ မေ ၂၁ ရက် (စနေနေ့)၌ ဂုဏဝိသိဋ္ဌပူဇာသဘင်ကို ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုကြရန် ဖိတ်ကြားထားသည်။ (က-ပ)

ပခုက္ကူဦးအုံးဖေ စာပေဆုများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

ရန်ကုန် မေ ၂၀

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လှူအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်လျက် ၁၉၉၃ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ နှစ်စဉ် ဆုများရွေးချယ်ချီးမြှင့်လျက်ရှိသည်။ ၂၀၀၅ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင် စာမူများ ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်နှိုးဆော်ထားကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင် ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဟူ၍ ပြိုင်ပွဲဝင်စာမူအမျိုးအစား ငါးမျိုး၌ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

စာမူပြိုင်ပွဲ နောက်ဆုံးတင်သွင်းရမည့်ရက်ကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၃၀ရက်အထိ သတ်မှတ်ထားပြီး ဆုရစာမူများကို ၂၀၀၅ ခုနှစ်အကုန်ပိုင်းတွင် ကြေညာလျက် ၂၀၀၆ ခု နှစ်ဆန်းတွင် ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူပုံစံများကို ပခုက္ကူဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး၊ စာတည်းမှူးချုပ်၊ ၅၂၉၊ ကုန်သည်လမ်း၊ စာပေဗိမာန်တွင် ရယူနိုင်ပြီး နယ်မှ စာမူတင်သွင်းလိုသူများသည် တံဆိပ်ခေါင်းဖိုးငွေကျပ် ၄၀ဖြင့် ပုံစံများဝယ်ယူနိုင်သည်။ (သတင်းစဉ်)

ဝိပဿနာတရားပွဲများ ကျင်းပမည်

ရန်ကုန် မေ ၂၀

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များအား ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံကြီး)က မေ ၂၅ရက်မှ ၃၁ရက်အထိ မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက် သန္တာဓမ္မာရုံ၌ ညနေ ၆ နာရီခွဲမှ ည ၈နာရီအထိလည်းကောင်း၊ ဇွန် ၁ရက်မှ ၇ရက်အထိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ ညနေ ၆နာရီမှ ည ၇နာရီခွဲအထိလည်းကောင်း ကိုယ်တွေ့ ဉာဏ်မြင်ခန္ဓာဉာဏ်ရောက် တရားတော်များကို ဟောပြောပို့ချမည်ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် အလှူရှင် ဦးဖေသိန်း-ဒေါ်သန်းမိ၊ သားမောင်ညီညီ မိသားစုက ဒေါပုံမြို့နယ် ကြက်ခြေနီအသင်းသို့ အလှူငွေကျပ်တစ်သိန်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မေ ၁၈ ရက်က ပေးအပ်လှူဒါန်းရာ ဒေါပုံမြို့နယ် ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ဆွေဆွေဝင်း လက်ခံရယူစဉ်။ (မြို့နယ်ကြက်ခြေနီ)

▲ ဂိမှာန်သည်နွေ
အေးမြစေ၍
ဆုခြွေပန်ညွန့်
ညောင်ရေသွန်းသည်
တစ်ဝန်းအပူငြိမ်းစေမည်။

▲ ငြိမ်းအေးသာကြည်
မြန်မာပြည်တွင်
ရေရှည်မှန်းဆ
ညီညွှတ်ကြ၍
အလှဂုဏ်ရည် တင့်ပေပြီ။

▲ တင့်လှညီညာ
ပြည်မြန်မာသည်
အနာဂတ်လမ်း
ညီညွှတ်စွမ်းနှင့်
တက်လှမ်းစုံညီ
ချီလေပြီ။

▲ ဂိမှာန်သည်နွေ
အေးမြစေ၍
ဆုခြွေပန်ညွန့်
ညောင်ရေသွန်းသည်
တစ်ဝန်းဇမ္ဗူ
ငြိမ်းစေသတည်း။ ။

နှင်းမောင်(ဒီးကုန်း)

သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းပါ

၁။ ကိုယ်အလေးချိန်ပုံမှန်ဖြစ်ရန် ထိန်းသိမ်း၍ အဝ မလွန်အောင် နေထိုင်စားသောက်ပါ။
၂။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။ နေ့စဉ် နာရီဝက်၊ တစ်နာရီခန့် ခပ်သွက်သွက် လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။
၃။ ဟင်းသီးဟင်းရွက်၊ အသီးအနှံများများ စားသုံးပါ။
၄။ စိတ်ဖိစီးမှု နည်းပါးအောင် နေထိုင်ပါ။
၅။ အငန်ဓာတ်ပါသော ငါးပိ၊ ငါးခြောက်၊ ဟင်းချိုမှုန့် စသည့် အစားအစာများကို ရှောင်ကြဉ်ပါ။
၆။ အဆီကို လွန်ကဲစွာစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
၇။ အရက်ကို အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ။
၈။ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။
၉။ သွေးတိုးရောဂါရှိပါက သွေးပေါင် မှန်မှန်ချိန်၍ စနစ်တကျ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်း

ရန်ကုန် မေ ၂၀

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း(မှန်ဆောင်)ရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်၊ လုပ်ငန်း ကော်မတီဝင်များနှင့် စုံညီအစည်းအဝေးအလှည့်ကျ သဘာပတိအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက သဘာပတိအဖြစ်ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိ အဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမတွင် ကျင်းပစဉ်။ (သတင်းစဉ်)

တရားစခန်းပွဲ လှူဒါန်းနိုင်

ရန်ကုန် မေ ၂၀

မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာစည် လယ်တီစံ ဆရာတော်များက မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို လစဉ် ၁၀ရက် စခန်းပွဲအဖြစ် ၂၁ ရက်မှ ၃၀ ရက်အထိ ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာ၌ ကျင်းပလျက်ရှိရာ ဆွမ်း၊ ကွမ်း လှူဒါန်းလိုသူ အလှူရှင်များ၊ တရားစခန်းဝင်လိုသူများ ရိပ်သာဖုန်း-၂၀၁၆၃၄သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၀

အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်း ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်ဖြစ်သော ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ဦးမျိုးသန့် (မောင်ဆုရှင်)၊ ဦးစောဖိုးလစ်(ခ) ဦးဖိုးလစ်ဆမ်၊ ဦးလော်ဆင်ကွမ်း၊ ဦးကျော်ဒင် (ခ) ဦးထေးရယ်၊ ဦးကြည်တင့်၊ ဦးဘိုသိန်းနှင့် ဒေါက်တာသိန်းညွှန့်(ညွှန့်ဝေ-ကသာ)တို့ တက်ရောက်ကြ၍ လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဦးသောင်းမြင့်၊ အဖွဲ့ဝင် ဦးဘဟန်နှင့် ဦးဆန်းထွန်း၊ လုပ်ငန်းကော်မတီရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြု ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ မတ် ၃၁ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်ကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရေးအတွက် စာတမ်းများ ရေးသားပြုစုခြင်းကို ဆက်လက်ဆွေးနွေး ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့နေ ဦးသိန်းအောင်-ဒေါ်နုနုခင်မိသားစု၊ ဦးဝင်းနောင်-ဒေါ်ချိုချိုဝင်းမိသားစုနှင့် ဦးဝင်းဖေ-ဒေါ်စန်းယဉ်မိသားစုတို့က ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက်ငွေကျပ်တစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လာရောက်လှူဒါန်းစဉ်။ (က-ပ)

အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းအမှတ်စဉ်(၅/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် မီးသတ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး စံပြဆု၊ စစ်ရေးပြထူးချွန်ဆုနှင့် မီးသတ်ပညာထူးချွန် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

သင်တန်းသို့ သင်တန်းသား ၁၀၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၅-၂၀၀၅ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	စစ်ကိုင်းဂုဏ်တင်ဆွမ်းဦးပုညရှင်
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၀	ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
၇း၄၅	ဝါသနာရှင်စင်မြင့်
၈း၂၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	ရေဖျန်းစနစ်ဖြင့် သီးနှံများစိုက်ပျိုးခြင်း
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	မှတ်ပုံတင်က စကြဲရအောင်
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ဖီဖာကမ္ဘာ့ဖလား
၉း၂၀	မိုးလေဝသခန့်မှန်းချက်
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ကလေးများနှင့်ကျန်းမာရေး
၉း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	ရုပ်ရှင်အကယ်ဒမီအကြောင်းသိကောင်းစရာ
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅	စပါး(၁)ရိတ်သိမ်းခြွေလှေ့စက်
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ကျူးဘားထံ အကြမ်းဖက်သမား လွှဲပေးရန် အမေရိကန်ငြင်းဆန် သမ္မတကက်စထရို ဦးဆောင်၍ ကန့်ကွက်ဆန္ဒပြ

ဟာဗားနား မေ ၁၉

ကျူးဘားကျွန်းနိုင်ငံအား အကြမ်းဖက်တိုက်ခိုက်ရာတွင် ပါဝင်ခဲ့သူကို အမေရိကန်နိုင်ငံက အားပေးထောက်ခံမှုအတွက် ကျူးဘားနိုင်ငံ ခေါင်းဆောင် ကက်စထရို ဦးဆောင်၍ အင်္ဂါနေ့က ဆန္ဒပြကြသည်။

လတ်တလော အခြေအနေတွင် အမေရိကန်နိုင်ငံ၌ ရောက်ရှိနေသော ကျူးဘားနိုင်ငံသား လူဝစ္စပါဆာဒါကာရီလိစ်ကို အမေရိကန်အစိုးရက ဖမ်းဆီးပြီး ကျူးဘားနိုင်ငံသို့ လွှဲပြောင်းပေးရေးကိစ္စကို အမေရိကန်က ငြင်းဆိုခဲ့သည်။

ရပ်ဆိုင်းသွား

ယခုကိစ္စတွင် ကျွန်ုပ်တို့သည်အကြမ်းဖက်သမားကိုလွှဲပြောင်းပေးရန် တောင်းဆိုကာမျှနှင့် ရပ်တန့်နေမည် မဟုတ်ကြောင်း၊ တရားမျှတသောလုပ်ဆောင်မှုဖြစ်လာစေရန်နှင့် အကြမ်းဖက်သမားကို ထောက်ခံနေမှု ရပ်ဆိုင်းသွားစေရန် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ကျူးဘားနိုင်ငံ ခေါင်းဆောင်က ပြောကြားသည်။

ပါဆာဒါကာရီလိစ်သည် အသက် ၇၇ နှစ်ရှိပြီဖြစ်သည်။ ၎င်းသည် ၁၉၇၆ ခုနှစ်က ဘာဘာဒေါ့စ်ကမ်းခြေအလွန်တွင် ကျူးဘားခရီးသည်တင် လေယာဉ်ကို ဖောက်ခွဲဖျက်ဆီးရာ၌ ပါဝင်ခဲ့ပြီး ကျူးဘားနိုင်ငံရှိကမ္ဘာလှည့်များသွားလာရာနေရာများ၌လည်း ဗုံးဖောက်ခွဲမှုအများအပြား ပြုလုပ်ရာ၌ ပါဝင်ခဲ့သူဖြစ်သည်ဟုဆိုသည်။

လေယာဉ်ဖောက်ခွဲခံရစဉ်က လူ ၇၃ ဦး သေဆုံးခဲ့ရပြီး ခရီးသွားလုပ်ငန်းနေရာများကို ဗုံးခွဲခံရချိန်က အီတလီလူမျိုးတစ်ဦး သေဆုံးခဲ့ရသည်။ အကြမ်းဖက်သမား ပါဆာဒါကာရီလိစ်ကိစ္စနှင့် ပတ်သက်၍ တောင်အမေရိကန်နိုင်ငံများအဖွဲ့ (အိုအေအက်စ်)နှင့် ချီလီနိုင်ငံတို့က ပါ ၎င်းတို့၏ သဘောထားများကို ထုတ်ပြန်ပေးရန်ကက်စထရိုက တောင်းဆိုခဲ့သည်။ မကြာသေးမီက အရွေးခံခဲ့ရသော အိုအေအက်စ်၏ အထွေထွေအတွင်းရေးမှူးချုပ်မှာ ချီလီနိုင်ငံ၏ ပြည်ထဲရေးဝန်ကြီး ဂျို့စ်မီဂူရယ်အင်ဆူလ်ဇာ ဖြစ်သည်။

လွတ်မြောက်

ပါဆာဒါကာရီလိစ်သည် ပနားမားနိုင်ငံတွင် ၂၀၀၀ပြည့်နှစ် နိုဝင်ဘာလက အဖမ်းခံနေရရာမှ ၂၀၀၄ ခုနှစ် ဩဂုတ်လတွင် ပနားမားသမ္မတက လွတ်ငြိမ်းချမ်းသာခွင့်ပေးသဖြင့် လွတ်မြောက်သွားခဲ့သည်။ ၎င်းသည် ပနားမားနိုင်ငံတွင် ပြုလုပ်သော အမေရိကန်နိုင်ငံများ ထိပ်သီးအစည်းအဝေး ကျင်းပနေစဉ်အတွင်း ကျူးဘားခေါင်းဆောင်ကို လုပ်ကြံရန် ကြံစည်မှုဖြင့် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

အမေရိကန်အစိုးရကလျှို့ဝှက်အဆင့်မှ လုံခြုံရေးအဆင့်အတန်း လျှော့ချလိုက်သော မှတ်တမ်းမှတ်ရာ တစ်ခုတွင် ပါဆာဒါကာရီလိစ်သည် အမေရိကန် ထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ) မှ လစာရသူများ စာရင်းတွင် ပါဝင်နေကြောင်း တွေ့ရသည်ဟုဆိုသည်။

လုံခြုံရေးအဆင့်ချလိုက်သော အက်ဖ်ဘီအိုင်နှင့် စီအိုင်အေမှတ်တမ်းပါ အကြောင်းအရာများကိုဂျော့ဂျ်ဝါရှင်တန် တက္ကသိုလ်ပုံနှိပ်တိုက်က ထိန်းသိမ်းထားသည်။ ထိုမှတ်တမ်းအရ အမေရိကန် ထောက်လှမ်းရေးများက ကျူးဘား လေယာဉ်ဗုံးခွဲမှုတွင် ပါဆာဒါကာရီလိစ် ပတ်သက်နေသည်ကို ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။



အီရတ်နိုင်ငံ မိုဆူးလ်မြို့အနီး အယ်လ်အာဒီယာ ကျေးရွာတွင် လုံခြုံရေးဆောင်ရွက်နေသည့်အမေရိကန် သံချပ်ကာကားများကို မေ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်နှင့်သီရိလင်္ကာ လွတ်လပ်သောကုန်သွယ်ရေး စတင်မည် အကောက်ခွန်လျှော့ပေါ့ သတ်မှတ်ခြင်းဖြင့် ဈေးကွက်ဖန်တီးရန် သဘောတူ

အစ္စလမ္မာဘတ် မေ ၁၈

ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့သည် မကြာမီက ချမှတ်ခဲ့သည့် လွတ်လပ်သောကုန်သွယ် ရေးသဘောတူညီချက်ကို ယခုနှစ် ဇွန် ၁၂ရက်မှစ၍ စတင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း နယူးစ်သတင်းစာက စနေနေ့တွင် ဖော်ပြသည်။

လဲလှယ်

အစ္စလမ္မာဘတ်မြို့တွင် သောကြာနေ့ကကျင်းပသည့် ပါကစ္စတန်နှင့် သီရိလင်္ကာ ပူးတွဲစီးပွားရေးကော်မရှင်၏ နဝမမြောက် အစည်းအဝေးအပြီးတွင် ပါကစ္စတန် ကုန်သွယ်ရေးဝန်ကြီး ဟူမာယွန်အက်တာခန်းနှင့် သီရိလင်္ကာ ကုန်သွယ်ရေးဝန်ကြီး ဂျီယာရတ်ဂျ်ဖာနန်ဒိုပူလီတို့က စာချုပ်စာတမ်းများကို လဲလှယ်ကြသည်။

လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်အရ ပါကစ္စတန်နှင့် သီရိလင်္ကာတို့သည် အပြန်အလှန် အကောက်ခွန် လျှော့ပေါ့သတ်မှတ်ခွင့်ပြုခြင်းဖြင့် ဦးစားပေး ဈေးကွက်အစီအစဉ်ဖန်တီးပေးရန် သဘောတူညီကြသည်။ သီရိလင်္ကာသည် ပါကစ္စတန်ဈေးကွက်တွင် လက်ဖက်ခြောက်၊ ရော်ဘာနှင့် အုန်းသီးအပါအဝင်ကုန်ပစ္စည်း ၂၀၆ မျိုးပေါ်၌ အကောက်ခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်သည်။ နှစ်နိုင်ငံ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေးနယ်ပယ်သစ်များ တိုးချဲ့ရေးကို ကော်မရှင်က ဆွေးနွေးခဲ့သည်။

သဘောတူ

တိရစ္ဆာန် မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးဆိုင်ရာ အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်း၊ သစ်သီးဝလံနှင့် ပန်းမန်ဥယျာဉ်စိုက်ပျိုးခြင်းလုပ်ငန်း နှင့် စားသောက်ကုန်ပစ္စည်း လုပ်ငန်းတို့တွင် ပါကစ္စတန်က အကူအညီပေးရန် သဘောတူသည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေး၊ သတင်းအချက်အလက် နည်းပညာ၊ သီးနှံစိုက်ပျိုးရေးပညာစီမံခန့်ခွဲရေး၊ ပညာရေး၊ ဆိပ်ကမ်းနှင့် သင်္ဘောသွားလာရေးလုပ်ငန်းတို့တွင်လည်း နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ကြမည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံတွင် တည်ငြိမ်မှု အလှမ်းဝေးနေ ဒိန်းမတ် ထောက်လှမ်းရေးဌာနက ပြောကြား

စတော့ဟုမ်း မေ ၁၉

အီရတ်နိုင်ငံ၏ တင်းမာသည့်လုံခြုံရေးအခြေအနေသည်နှစ်အတန်ကြာကာလအတွင်း ဆက်လက် ဖြစ်ပေါ်နေဦးမည်ဖြစ်ကြောင်း ဒိန်းမတ် ကာကွယ်ရေးဆိုင်ရာထောက်လှမ်းရေးဌာန၏ပြောကြားချက်ကို ကိုးကား၍ ရစ်ဇောသတင်းဌာနက အင်္ဂါနေ့က ဖော်ပြလိုက်သည်။

အီရတ်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများမှာ အလှမ်းဝေးလျက်ရှိနေသေးကြောင်း၊ အမေရိကန် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ ရုပ်သိမ်းရေးကိစ္စကြောင့် အီရတ်နိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်ရန် အခြေဆိုက်နေကြောင်း အီရတ်အခြေအနေအား ဒိန်းမတ် ထောက်လှမ်းရေးဌာနက နောက်ဆုံး ပြန်လှန်သုံးသပ်ရာတွင် ဖော်ပြခြင်းဖြစ်သည်။

အီရတ်နိုင်ငံရှိ အမေရိကန် အပေါင်းပါတပ်ဖွဲ့ဝင်များထံသို့ ဒိန်းမတ်တပ်ဖွဲ့ဝင်များ ၂၀၀၆ ခုနှစ်မတိုင်မီ သက်တမ်းတိုးမြှင့်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဒိန်းမတ်ပါလီမန်က စီစဉ်ဆောင်ရွက်နေစဉ် ဖော်ပြပါ အစီရင်ခံစာ ပေါ်ထွက်လာခြင်းဖြစ်သည်။

အစွန်းရောက်တိုက်ခိုက်မှုသူများ၏ တိုက်ခိုက်မှုများလျော့ပါးလာမည့်မျှော်လင့်ထားရှိမှုများ မရှိကြောင်း၊ အဆိုပါ အစီရင်ခံစာတွင် ပါရှိသည်။ ဒိန်းမတ်တပ်ဖွဲ့ဝင်များ တာဝန်ယူဆောင်ရွက်နေသည့် ဘာဆရာပြည်နယ်တောင်ပိုင်းဒေသ၏ အခြေအနေသည်အီရတ်နိုင်ငံ၏ အခြားသောဒေသများထက် ထူးထူးခြားခြား ငြိမ်းချမ်းမှု ရှိနေကြောင်း၊ သို့ရာတွင် ယင်းဒေသတွင် အခြေအနေမှာ တင်းမာဆဲပင်ဖြစ်နေသေးကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ၎င်းတို့ကိုယ်တိုင် ဥပဒေစိုးမိုးရေးကိစ္စကို ဆက်လက်ထိန်းသိမ်းနိုင်စွမ်း မရှိသေးကြောင်း၊ အစိုးရအဖွဲ့ ငြိမ်းချမ်းစွာပြောင်းလဲရေးအစဉ်အလာလိုအပ်ချက်ကြောင့် လုံခြုံရေး တပ်ဖွဲ့များအား ထိန်းချုပ်ရာတွင် အင်အားပြိုင်ဆိုင်မှုများပေါ်ပေါက်လာနိုင်ကြောင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်မြို့တွင် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ ငြိမ်းသတ်နေသည်ကို မေ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီတလီအမျိုးသမီး အာဖဂန်နစ္စတန်တွင် ပြန်ပေးဆွဲခံထားရ ဘေးမသီရန်မခ လွတ်မြောက်ရေး အာဖဂန်အစိုးရက ကြိုးပမ်းနေ

ကဘူး မေ ၁၈

တနင်္လာနေ့ညက ပြန်ပေးဆွဲခံခဲ့ရသည့် အီတလီအမျိုးသမီး ကလီမင်တီနာကန်တုန်နီ ဘေးမသီရန်မခ လွတ်မြောက်ရေး အာမခံနိုင်ရန်အတွက် အာဖဂန်နစ္စတန်အစိုးရက မနေမနား ကြိုးပမ်းနေကြောင်း သမ္မတ၏ပြောရေးဆိုခွင့်ရှိသူက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဆက်စပ်မှုရှိသည့် အားလုံးသော အဖွဲ့အစည်းများအနေဖြင့် အဆိုပါ အမျိုးသမီး မည်သည့်နေရာတွင် ရှိနေသည်ကို အားသွန်ခွန်စိုက် ရှာဖွေကြရန်နှင့် ဘေးမသီရန်မခ လွတ်မြောက်နိုင်ရေးအတွက် ကြိုးပမ်းနေကြောင်း ပြောရေးဆိုခွင့်ရှိသူ လူဒင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အသက်(၃၂)နှစ်ရှိ ကလီမင်တီနာသည် အနောက်အုပ်စု အကူအညီပေးအဖွဲ့တွင် လုပ်ငန်းလုပ်ကိုင်နေသူ ဖြစ်ပြီး လက်နက်ကိုင် လေးဦးက ၎င်းအား ကဘူးမြို့လယ်တွင် တနင်္လာနေ့ညက ပြန်ပေးဆွဲခဲ့ကြခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းအပါအဝင် အာဖဂန်အာဏာပိုင်များက ယင်းပြန်ပေးဆွဲမှုကိစ္စနှင့် ပတ်သက်၍ အလျင်အမြန် သတိပေးတပ်လှန့်ထားပြီး လုံခြုံရေး တပ်ဖွဲ့များကလည်း ကဘူးမြို့တော် သွားရာအထင်ကရ လမ်းများကို ပိတ်ဆို့ထားကြသည်။

မျှော်လင့်ထား

ယင်းပြန်ပေးဆွဲမှုကိစ္စနှင့် စပ်လျဉ်း၍ မည်သူတစ်ဦးကမျှ တာဝန်ရှိကြောင်း ထုတ်ဖော်ပြောကြားမှု မရှိသော်လည်း ရာဇဝတ်ဂိုဏ်း တစ်ဂိုဏ်းက ပြန်ပေးကိစ္စတွင် နောက်ကွယ်မှ ကြိုးကိုင်နိုင်သည်ဟု သိမြင်ထားကြကြောင်း၊ မိမိတို့အနေဖြင့် ကလီမင်တီနာ ဘေးကင်းရန်ကင်း လွတ်မြောက်ရန်နှင့် ၎င်း၏ မိသားစုများနှင့် ဘေးမသီရန်မခ ပြန်လည်ပေါင်းစည်းနိုင်ရန် မျှော်လင့်ထားကြောင်း လူဒင်က ဆက်လက်ပြောကြားသည်။

တာလီဘန်အဖွဲ့က ကလီမင်တီနာအား ပြန်ပေးဆွဲမှုကိစ္စကို အင်္ဂါနေ့က ငြင်းဆိုထားပြီး ယင်းပြန်ပေးဆွဲမှု ပြုလုပ်ခြင်း မရှိကြောင်း၊ ယင်းသတင်းကို သတင်း ဌာနများထံမှသာ မိမိတို့ ကြားသိရကြောင်း ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဆက်သွယ်ရေးဂြိုဟ်တု အိန္ဒိယ လွှတ်တင်မည်

ဘင်္ဂလော မေ ၁၈

အိန္ဒိယနိုင်ငံသည် ယခုနှစ်တွင် ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံးကိုအာကာသအတွင်း လွှတ်တင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုဂြိုဟ်တုများတွင် ရုပ်သံထုတ်လွှင့်ရေး တိုက်ရိုက်လွှင့် ထရန်စပေါင်ဒါများတပ်ဆင်ထားမည်ဖြစ်သည့်အတွက် အိန္ဒိယတိုက်ငယ်အတွင်း ဂြိုဟ်တု ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုမည်ဖြစ်သည်။ ယင်းဂြိုဟ်တုများ၏ အကူအညီကြောင့် ကေဘယ် ရုပ်သံလွှင့်လုပ်ငန်းများကို ဂြိုဟ်တုရုပ်သံလွှင့်လုပ်ငန်းများက အသာရသွားမည့်အခြေအနေရှိသည်။

လွှတ်တင်ရန် စီစဉ်ထားသည့် ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံးကို အင်ဆက်-၄ အေနှင့်အင်ဆက်-၄ဘီဟူ၍ အမည်ပေးထားသည်။

အမ်အင်အေ၊ပီတီအိုင်။

ရန်ကုန် မေ ၂၀

၁၉၈၉ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေးခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)ဌာနချုပ်မှ ဗိုလ်ကြီးအဆင့်ရှိ မွမ်းဖ ပြောကြားသည့် မိမိတို့တစည်းတလုံးတည်း လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံပြီး အပြည့်အဝ ငြိမ်းချမ်းရေးနှင့်လက်နက်များ လဲလှယ်ရခြင်းအကြောင်းရင်းနှင့် ကျေးဇူးတင်စကားမှာ အောက်ပါအတိုင်းဖြစ်သည်–

ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ (၁၉) ဌာနချုပ်မှ ဗိုလ်ကြီးအဆင့်ရှိ မွမ်းဖက မိမိတို့ တစည်းတလုံးတည်း လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး အပြည့်အဝငြိမ်းချမ်းရေးနှင့် လက်နက်များလဲလှယ်ရခြင်း အကြောင်းရင်းနှင့် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျွန်တော်တို့ဟာ တစ်ချိန်က ကျဉ်းမြောင်းတဲ့ အတွေးအခေါ်နဲ့ နိုင်ငံတော်ကို လက်နက်စွဲကိုင်ဆန့်ကျင်ခဲ့တာ နှစ်ပေါင်းရှည်ကြာခဲ့သော်လည်း တကယ်တမ်းကျွန်တော်တို့ ဒေသခံတိုင်းရင်းသားတွေကို ဘာအကျိုးကျေးဇူးမှ မပြုနိုင်တဲ့ အပြင် ဆိုးရွားတဲ့အကျိုးဆက်တွေသာ ခံစားစေတဲ့အတွက် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးက အစ ခေတ်နောက်ကျခဲ့ရပါတယ်။

ကျွန်တော်တို့အဖွဲ့ဟာ လက်နက်စွဲကိုင်ပြီး ဥပဒေဘောင်အတွင်းမှာ ဝင်ရောက်ခဲ့တယ်ဆိုပေမယ့် တကယ်တမ်းမှာတော့ ဒေသခံတိုင်းရင်းသား ပြည်သူလူထုအပေါ်မှာ အခွန်အကောက်ဆက်ကြေးများ ကောက်ခံ စားသောက်နေရတာ ဖြစ်ပါတယ်။ ပြည်သူလူထုအတွက်တော့ ကျွန်တော်တို့ကြောင့် မလွတ်မလပ်နဲ့ အခွန်အခဆက်ကြေးများရဲ့ ဒဏ်ကိုခံစားနေရဆဲပဲဖြစ်ပါတယ်။

အခုလို ကျွန်တော်တို့ တစ်ဖွဲ့လုံး ကိုင်စွဲထားတဲ့ လက်နက်တွေကို နိုင်ငံတော်အား အပြီးအပိုင် လွှဲပြောင်းအပ်နှံပြီး ထာဝရငြိမ်းချမ်းရေး တည်ဆောက်လိုက်ခြင်းဖြင့် ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေဟာ ပြည်သူတွေကြားမှာ ပြည်သူများအဖြစ် ရပ်တည်သွားကြမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသော်လည်း လက်နက်စွဲကိုင်ထားတဲ့ အဖွဲ့တွေ ရှိနေပါတယ်။

ဒါ့အပြင် ကြွင်းကျန်နေသေးတဲ့ အဖျက်သမားသောင်းကျန်းသူလက်နက်ကိုင်အဖွဲ့များကလည်း နည်းပေါင်းစုံနဲ့ အဖျက်အမှောင့်တွေလုပ်နေကြပါတယ်။

အဖျက်လုပ်ငန်း

ပြည်ပြေး စဝ်ခမ်ဖကလည်း တစ်သက်လုံး ငယ်စဉ်ကတည်းကပြည်ပြေးလုပ်နေရာက အခုမှသူ့ကိုယ်သူ သမ္မတခန့်ပြီး ရှမ်းပြည်နယ်ကို လွတ်လပ်ရေးကြေညာတာဟာ ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားတွေ ပျက်စီးရာပျက်စီးကြောင်း အဖျက်လုပ်ငန်း လုပ်လိုက်တာပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီလို နိုင်ငံခြားအားကိုးနဲ့ ပြည်ပြေးစဝ်ခမ်ဖရဲ့ လုပ်ရပ်ကို ပြည်သူတွေ၊ ဒေသခံတိုင်းရင်းသားတွေနဲ့ ဥပဒေဘောင်အတွင်းဝင်ရောက်လာတဲ့ လက်နက်ကိုင်အဖွဲ့တွေကပါ ဆန့်ကျင်ရှုတ်ချနေကြပါပြီ။

ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ ရှိနေကြတဲ့ လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့များအပါအဝင် အခြားပြည်နယ်တွေမှာ ရှိနေကြတဲ့ ညီအစ်ကိုလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့များကို ကျွန်တော်တို့ ရှမ်းအမျိုးသားတပ်မတော် တပ်မဟာ(၁၉)ကဲ့သို့ လက်နက်နှင့် ထာဝရငြိမ်းချမ်းရေး လဲလှယ်ကြဖို့၊ မိဘပြည်သူတွေ လိုလားတောင့်တနေကြတဲ့ လမ်းကြောင်းအမှန်ပေါ် အမြန်ရောက်ရှိလာကြဖို့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ SSNA တပ်မဟာ(၁၉)တပ်ဖွဲ့ဝင်များအပေါ် ယခုလို ခွင့်လွှတ်နားလည်စိတ်အပြည့်အဝဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုကြတဲ့ တိုင်းရင်းသားညီအစ်ကိုအားလုံးတို့နဲ့ နိုင်ငံတော်အစိုးရအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခင်က လုပ်ခဲ့မှားခဲ့မိတဲ့ အမှားမျိုး ဘယ်တော့မှ ထပ်မံမပြုလုပ်တော့ပါကြောင်း လေးလေးနက်နက် ကတိပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သတင်းစဉ်)

> ညီအစ်ကို လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့များကို ကျွန်တော်တို့ ရှမ်းအမျိုးသားတပ်မတော် တပ်မဟာ(၁၉) ကဲ့သို့ လက်နက်နှင့် ထာဝရငြိမ်းချမ်းရေး လဲလှယ်ကြဖို့၊ မိဘပြည်သူတွေ လိုလားတောင့်တနေကြတဲ့ လမ်းကြောင်းအမှန်ပေါ် အမြန်ရောက်ရှိလာကြဖို့ တိုက်တွန်းလို။

SSNA
ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခဲ့၍ ဝမ်းသာမဆုံး

ရန်ကုန် မေ ၂၀

၁၉၈၉ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေးခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ရှမ်းတိုင်းရင်းသားရပ်မိရပ်ဖ ဦးစိုင်းကြူက ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေးနှင့်အဖွဲ့အား ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ပြောကြားသည့် ကြိုဆိုဂုဏ်ပြုစကားနှင့် ဝမ်းမြောက်ကျေးဇူးတင်စကားမှာ အောက်ပါအတိုင်းဖြစ်သည်–

ယခု ကျွန်တော့်အသက် (၅၈)နှစ်ရှိပါပြီ။ (၅၈)နှစ်ကာလပတ်လုံး ဘယ်ကိုမှ မပြောင်းရွှေ့ဘဲ နမ့်ပေါင်မှာနေပြီး နမ့်ပေါင်ဒေသကို ဦးဆောင်ခဲ့ရတဲ့ ရပ်မိရပ်ဖ တစ်ဦးအနေနဲ့ လက်နက်ကိုင်ဆူပူမှုရဲ့ အနိဋ္ဌာရုံအဖြစ်ဆိုးတွေကို ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသူ ဖြစ်ပါတယ်။

ကျွန်တော့် မိတ်ဆွေအပေါင်းအသင်း ကျေးရွာအကြီးအကဲ အချို့ဟာ ဥပဒေမဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အထင်အမြင်မှားမှုကိုခံရပြီး အသက်ပါဆုံးပါးသွားခဲ့ရပါတယ်။

ကျေးရွာအကြီးအကဲများဟာ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အမှားကို ဘယ်လိုပဲ သိမြင်နေပါစေ အမှန်ကို ဖွင့်မပြောရဲခဲ့ပါဘူး။ မိမိနှင့် မိမိမိသားစုဘဝနှင့်အသက် ရပ်တည်နေနိုင်ရေးအတွက် ဒေသခံပြည်သူတွေရဲ့ ဒုက္ခကို မြင်လျက်နဲ့ မသိချင်ယောင်ဆောင်ခဲ့ကြရပါတယ်။

ထွက်ပြေးတိမ်းရှောင်နေရ

ပြည်သူတွေဟာ သားယောက်ျားလေး မွေးလာတာတောင်မှ အားပါးတရ မပျော်နိုင်ခဲ့ကြပါဘူး။ သားယောက်ျားလေး မွေးလာလို့ သာသနာ့အမွေကို ခံရပြီ။ ရှင့်အဖေ၊ ရှင့်အမေ သာသနာ့ဒါယကာလို့ အမည်ခံရပြီလို့ ဝမ်းသာစိတ်ထက် ဘယ်တော့များ တောတွင်းလက်နက်ကိုင်တွေက လူသစ်စုမလဲဆိုတဲ့ စိုးရိမ်စိတ်၊ ကြောင့်ကြစိတ်ကသာ ပိုမိုခဲ့ပါတယ်။ တချို့ဆိုလျှင် မိမိတို့အိုးအိမ်၊ လယ်ယာ၊ ခြံ၊ မြေတွေကို ပစ်ခွာပြီး ထွက်ပြေးတိမ်းရှောင် နေထိုင်ကြရပါတယ်။

ကျွန်တော်ဟာ ဘုရားဖူးအဖွဲ့နဲ့ဖြစ်ဖြစ်၊ အလုပ်အကိုင်ကိစ္စနဲ့ဖြစ်ဖြစ် တခြားဒေသများကို ရောက်ဖူးခဲ့ပါတယ်။ ရောက်ခဲ့ဖူးတဲ့ ဒေသများမှာ အများအားဖြင့် ကျွန်တော်တို့ဒေသထက် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းတာကို လေ့လာတွေ့ရှိရပါတယ်။

ဒေသခံ ရှမ်းတိုင်းရင်းသားရပ်မိရပ်ဖ ဦးစိုင်းကြူက ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

အားသာချက်

ဒီလို ဖွံ့ဖြိုးတိုးတက်နေတဲ့ ဒေသတွေကို ကျွန်တော်လေ့လာကြည့်တော့ ဒီဒေသတွေရဲ့ အားသာချက်က နယ်မြေတည်ငြိမ်အေးချမ်းမှုရှိခြင်းနှင့် တရားဥပဒေစိုးမိုးမှု အပြည့်အဝရှိခြင်းတို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဒေသမှာ ဥပဒေမဲ့ လက်နက်ကိုင်ဆောင်မှုတွေ မရှိတော့ရင် အခြားဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ တထစ်ချ ယုံကြည်ပါတယ်။

ကျွန်တော်တို့ နမ့်ပေါင်ဒေသဟာ ရေမြေသဘာဝ အခြေခံကောင်းတဲ့ အရပ်ဖြစ်ပါတယ်။ စပါးအထွက်ကောင်းသလို လိမ္မော်ခြံ၊ ကမ္ဗလာခြံတွေ၊ ပဲ၊ ပြောင်း၊ နှမ်းသီးနှံတွေ စိုက်ပျိုးဖြစ်ထွန်းတဲ့ ပဋိရူပ အရပ်ဖြစ်ပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❍

> ဒီလို ဖွံ့ဖြိုးတိုးတက်နေတဲ့ ဒေသတွေကို ကျွန်တော်လေ့လာကြည့်တော့ ဒီဒေသတွေရဲ့ အားသာချက်က နယ်မြေတည်ငြိမ်အေးချမ်းမှု ရှိခြင်းနှင့် တရားဥပဒေစိုးမိုးမှု အပြည့်အဝ ရှိခြင်းတို့ပဲ ဖြစ်ပါတယ်။
> ကျွန်တော်တို့ဒေသမှာ ဥပဒေမဲ့ လက်နက်ကိုင်ဆောင်မှုတွေ မရှိတော့ရင် အခြားဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ တထစ်ချ ယုံကြည်ပါတယ်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

"သင်းမြေနံ့ တကြိုင်
စံကားရွှေဝါနှင့်
ညောင်သီတာ ရေတော်သွန်းချိန်မို့
ရွှန်းဝေလို့လှိုင်။
မြိုင်မြစ်စုံ ယမုန်ခပါတဲ့
ပြည်အမရ မဏ္ဍိုင်
ခရိုင်နယ်တပိုင်း
သို့ချိန်ဆီ
ရင်ကျူးပဋ္ဌိဂီနှင့်
တိမ်ပန်းချီပွေလို့ ရေးပေလိမ့်
ဆေးရင့်ပြာလှိုင်း။ ။"

(ဦးကြင်ဥ)

ကဆုန်လသည် ပြိဿရာသီဖြစ်သည်။ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သည်။ စံကားပန်းပွင့်သည်။ ရာသီ ပွဲတော်အဖြစ် ညောင်ရေသွန်းပွဲတော်ကို ကျင်းပသည်။ ကဆုန်လကို မြတ်စွာဘုရားနှင့် စပ်လျဉ်း၍ ကျယ်ပြန့် စွာ လေ့လာကြပြီးလျှင် ဗုဒ္ဓနေ့အဖြစ် တွဲဖက်ကာ ကျင်းပကြသည်။

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဝင်တွင်ထူးခြားလေးနက်သော ဖြစ်ရပ်ကြီး ငါးခု ဖြစ်ပေါ်သည့်နေ့ဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်များအတွက် ထူးခြားသော ရက်မြတ်ကြီးဖြစ်ပါသည်။

ဆုပန်နေ့

လေးသင်္ချေကိန်း၊ တစ်သိန်းကပ်ကြို၊ သုမေဓာလောင်း၊ ညွှန်ပျောင်းဖွက်အုံ၊ ဒီပင်္ကရာ၊ ဝမ်းလျားမှောက်ခုံ၊ ဆုပန်နေ့၊ လပြည့်နွေကဆုန်။

ဖွားမြင်နေ့

မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊ လုမ္ဗိနီတော၊ သာမောရဂုံ၊ မာယာမယ်ဖျား၊ ပတ္တမြားနူတင်ငုံ၊ ဖွားမြင်နေ့၊ လပြည့်နွေကဆုန်။

ဗုဒ္ဓနေ့

တစ်ရာ့သုံးနှစ်၊ သက္ကရာဇ်ကြို၊ ဥရုဝေလ၊ သာစွရဂုံ၊ မာရ်စွယ်ငါးစင်း၊ နှိမ်နင်းအကုန်၊ ဗုဒ္ဓနေ့၊ လပြည့်နွေကဆုန်။

ဗုဒ္ဓဝင်နေ့

တစ်ရာ့လေးနှစ်၊ သက္ကရာဇ်ကြို၊ ကပ္ပိလနန်း၊ ကြွမြန်းခိုလှုံ၊ ဗုဒ္ဓဝင်ဇာတ်၊ ဟောလတ်ဖုံဖုံ၊ ပြန်လည်တွေ့၊ လပြည့်နွေကဆုန်။

နိဗ္ဗာန်နေ့

ရာလေးဆယ်ရှစ်၊ သက္ကရာဇ်ကြို၊ မလ္လာမင်းတို့၊ အင်ကြင်းရဂုံ၊ နိဗ္ဗာန်ကြွလို့၊ ဘဝဇာတ်ခုံ၊ သိမ်းသောနေ့၊ လပြည့်နွေကဆုန်။

ဟူသော နေ့မြတ်ငါးခု ဖြစ်ပေါ်သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့သို့ရောက်တိုင်း မဟာဗောဓိပင်များကို ညောင်ရေသွန်းလောင်းခြင်းဖြင့် ကဆုန်ရေသွန်းပွဲများ ဆင်နွှဲကျင်းပကြလေသည်။

ညောင်ရေသွန်းလောင်းသည့် ညောင်ပင်များကား မြတ်စွာဘုရား ပွင့်တော်မူရာ မဟာဗောဓိပင်မှ ကိုင်းပွားများ ဖြစ်သည်။

မဟာဗောဓိပင်သည် ပရိဘောဂစေတီလည်းထိုက်သည်။ **"ကာဠုဒါ၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဍ၊ ဗုဒ္ဓဟေ"**ဟု စာဆိုရှိသည့်အတိုင်း မြတ်စွာဘုရား၏ ဖွားဖက်တော်ခုနစ်ပါးတွင် တစ်ပါးအဖြစ်ပါဝင်ခြင်း၊ သစ္စာလေးပါး တရားတော်မြတ်ကို ရရှိသောနေရာဖြစ်ခြင်းကြောင့် မြင့်မြတ်သည့် ညောင်ပင်၊ ရှိခိုးကော်ရော် ပူဇော်ထိုက်သော ညောင်ပင်ဖြစ်လေသည်။

မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ကြီးမှ ဗောဓိပင်များ ပြန့်ပွားလာပုံမှာ ဤသို့ ဖြစ်ပေသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်နေ့သောအခါ၌ သာဝတ္ထိပြည်သူ၊ ပြည်သားများသည် ပန်းရနံ့သာစွဲလျက် မြတ်စွာဘုရားအား ပူဇော်ရန် ရောက်လာကြသည်။ ထိုအချိန်တွင် မြတ်စွာဘုရားမှာ ဒေသစာရီကြွချီတော်မူခိုက်ဖြစ်၍ ဒါယကာ၊ ဒါယိကာမများမှာ စိတ်လက် မကြည်မသာဖြင့် ပြန်သွားကြရလေသည်။

ထိုအကြောင်းကို အရှင်အာနန္ဒာသိသောအခါ" အရှင်ဘုရား၊ ဒေသစာရီကြွသွားတော်မူချိန်တွင် ဇေတဝန်ကျောင်းတော်ကြီးမှာ ကိုးကွယ်ရာ ကင်းနေပါသောကြောင့် လူအများပူဇော်မှုပြုနိုင်စေရန် ဇေတဝန်ကျောင်းတော်မုခ်ဝ၌ မဟာဗောဓိပင်မှ အစေ့ကို စိုက်လိုပါသည်ဘုရား"ဟု လျှောက်ထားခွင့်ပန်သည်။

သုံးလူ့သနင်း တရားမင်းသည် "၎င်းကိုစိုက်ပျိုးထားလျှင် ငါအမြဲနေဘိသကဲ့သို့ ကောင်းလှပေသည်"ဟု ခွင့်ပြုတော်မူသည်။

ထို့ကြောင့် အရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတော်တံခါး၀၌ ဗောဓိပင်စိုက်ပျိုးရန်အတွက် ကောသလမင်း၊ အနာထပိဏ်သူဌေးနှင့် ဝိသာခါ ဒါယိကာမကြီးတို့အား တာဝန်ပေးအပ်သည်။ အရှင်မဟာ မောဂ္ဂလန်မထေရ်သည် မူလမဟာဗောဓိပင်ကြီးမှ ကြွေကျလာသော ဗောဓိသီးမှည့်ကို မြေမရောက်မီခံယူခဲ့ပြီး ယူဆောင်လာရာ အစီအစဉ်အတိုင်း စိုက်ပျိုးကြလေသည်။

ထိုဗောဓိပင်ကို အရှင်အာနန္ဒာကြီးမှူးစိုက်ပျိုးသောကြောင့် "အာနန္ဒာဗောဓိ"ဟု ခေါ်ကြသည်။ ထိုဗောဓိပင်ကို မြတ်စွာဘုရား သက်တော် ထင်ရှားရှိတော်မူစဉ်ကပင် လူအများကိုးကွယ်ပူဇော်ကြသည်ဟု "တေရသက နိပါတ် ကလိင်္ဂဗောဓိဇာတ်"၌ လာရှိပေသည်။

အစေ့မှစိုက်ပျိုးသော အာနန္ဒာဗောဓိသည် ထင်ရှားသည်။ ၎င်းနည်းတူ ထင်ရှားသောအရာမှာ မဟာဗောဓိပင်ကြီး၏ တောင်ဘက်ကိုင်းမှ ပြန့်ပွားသွားသော ဒက္ခိဏသာခါ မဟာဗောဓိဖြစ်ပေသည်။

ကဆုန်လသည် **"ကဆုန်နယုန်၊ ဆွေ့ဆွေ့ခုန်"**ဆိုသကဲ့သို့ ဆွေ့ဆွေ့ခုန်မျှ အပူရှိန်လွန်ကဲသောလဖြစ်သည်။ သို့ရာတွင် ကဆုန်လပြည့်က ငွေ့ငွေ့စပ်စပ်ခံစားရသည်။ ကဆုန်လကို ဗေဒင်ကျမ်းများအဆိုအရ "ထိုရရာသီ"ဟု ခေါ်ကြသည်။ ကောင်းကင်တွင် နက္ခတ်တာရာတို့သည် အားအစွမ်းဖြင့် ပြည့်စုံသော နွားလားဥသဘပုံ ဖြစ်ပေါ်နေသည်ကို အကြောင်းပြုကာ "ပြိဿရာသီ"ဟု အခေါ်များကြပေသည်။ **"ယောမာသော-အကြင်လသည်။ ကံဥဒကံ-ရေကို။ ဆိန္ဒတိ-ဖြတ်တတ်၏။ ဣတိတသ္မာ-ထို့ကြောင့်။ သောမာသော-ထိုလသည်။ ကဆိန်-ကဆုန်မည်၏"**ဟု ဆိုသည်။ အဓိပ္ပာယ်မှာ ဆည်မြောင်း၊ ချောင်းကန်၊ အင်းအိုင်၌ ရေစစ်သောလ၊ ရေပြတ်သောလကို ဆိုလိုသည်။ ထို့ကြောင့် ကဆုန်လကို ရေပြတ်သောလဟု အဓိပ္ပာယ်ဖွင့်ဆိုသူများရှိ၍ ရေသွန်းလောင်းသောလဟု ကောက်ယူသူများလည်း ရှိပေ၏။ ကဆုန်လတွင် လေပြည်လေညင်းကလေးများ တသုန်သုန်ဖြူး၍ ရွက်ဟောင်းများသည် လေ၌ လွင့်ပါးကြသည်။ အကိုင်းအခက်များတွင် ပုရစ်ဖူးများထွက်၍ ပန်းငုံပန်းဖူးများ ပွင့်ကြသည်။ ထိုအချိန်ဝယ် ရွက်သစ်ကလေးများမှာ ထွက်ပေါ်လာစဖြစ်၏။ မြေသင်းနံ့မှာ လေထဲဝယ် ပျံ့ဝဲလာရာ လောကကြီး၌ မြေသင်းနံ့ ထုံလှိုင်နေသည်။

ကဆုန်လသည် နွေလနှင့် တိုက်ဆိုင်နေသည်။

မြန်မာဗုဒ္ဓဘာသာဝင် အပေါင်းတို့က ကဆုန်လပြည့်နေ့ကို "ဗုဒ္ဓနေ့"ဟု သတ်မှတ်ကာ ဘုရားဖြစ်တော်မူစ ကျူးရင့်တော်မူသည့် ဥဒါန်းဂါထာတော်များနှင့် ပဋိစ္စသမုပ္ပာဒ်ပါဠိဒေသနာများကို ရွတ်ဖတ်ပူဇော်ကျင်းပကြသည်။ ထို့ကြောင့် ဤကဆုန်လသည် ဗုဒ္ဓဘာသာဝင်အပေါင်းတို့အဖို့ လထူးလမြတ်ကြီး ဖြစ်ပါသည်။

မြန်မာလူမျိုးတို့သည် ရှေးနှစ်ပေါင်းများစွာမှစ၍ ယခုကာလအထိ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို ရိုးရာယဉ်ကျေးမှု ရာသီပွဲအနေဖြင့် ကျင်းပကြသည်။ ညောင်ရေသွန်းပွဲတော်ကား ဂေါတမဘုရားသခင် ပွင့်တော်မူခဲ့ရာ ဗောဓိညောင်ပင်၏ ဆင့်ပွားဗောဓိညောင်ပင်များကို အမွှေးနံ့သာရည် (သို့မဟုတ်) သန့်စင်သောရေတို့ဖြင့် သွန်းလောင်းပူဇော်ကြသည့် ပွဲတော်ဖြစ်ပါသည်။

အမရပူရမြို့တည်နန်းတည် အောင်မြေလောကစေတီတော် ဒါယကာ ဗဒုံမင်းတရားကြီး(ဘိုးတော်ဘုရား)သည် သက္ကရာဇ် ၁၁၆၈ ခုနှစ်တွင် ပိဋကတ်တော်နှင့် လောကီကျမ်းများကို ကူးယူရန်နှင့် မဟာဗောဓိပင်ကို ဖူးမြော်ရန် ရွှေတောင်သာဂသူ၊ ရွှေတောင်သီရိစည်သူ စသည့်အမတ်ကြီးများကို အိန္ဒိယနိုင်ငံသို့ စေလွှတ်ခဲ့ဖူးလေသည်။ ထိုအမတ်ကြီးများသည် အမရပူရနေပြည်တော်မှ ၅၇ ယူဇနာကွာဝေးသော ဘုရားရှင်ပွင့်တော်မူရာ မဇ္ဈိမဒေသ မဟာဗောဓိသို့ အရောက်သွားကြကာ မဟာဗောဓိပင်ကို စေ့စေ့စပ်စပ် ဖူးမြော်လေ့လာ၍ ဆေးကျမ်း၊ ဗေဒင်ကျမ်းစသည့် လောကီကျမ်းများကို ယူဆောင်ပြီး ပြန်လာခဲ့ကြသည်။

ဗောဓိပင်ဆိုသည်မှာ ဘုရားရှင်တို့ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်ထူး၊ သစ်ပင်မြတ်ပင်ဖြစ်သည်။

ဗောဓိဟူသော ပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာဟု အဓိပ္ပာယ်ရသည်။ ယင်းအဓိပ္ပာယ်အရ ပါဠိစာပေ၌ ဗောဓိသည် အရိယာမဂ်၊ သဗ္ဗညုတ ဉာဏ်နှင့် ဗောဓိပင်ဟူသော အနက်အဓိပ္ပာယ်သုံးမျိုးတို့ကို ဟောသည်။ အရိယာမဂ်သည် သစ္စာလေးတန် တရားမှန်ကို သိမြင်တတ်သောကြောင့် ဗောဓိမည်၏။ သိသင့်သမျှ ဧယျတရားတို့ကို သိမြင်နိုင်သောကြောင့် သဗ္ဗညုတရွှေဉာဏ်တော်သည် ဗောဓိမည်၏။ ဘုရားရှင်တို့ ပွင့်တော်မူရာ သစ်ပင်ကိုကား သစ္စာလေးပါး၊ ဧယျတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ ဖြစ်သောကြောင့် ဗောဓိဟု ခေါ်ပေသည်။

ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့ ပွင့်တော်မူရာ သစ်ပင်များကား အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ ဖြစ်ကြသည်။ ယင်းအင်ကြင်းပင် စသည်တို့သည် ဝေဿဘူစသော ဘုရားရှင်တို့၏ သာသနာတော်၌ ဗောဓိပင်တို့မည်ကုန်သည်။ ထို့ကြောင့် မည်သည့် သစ်ပင်မဆို ဘုရားရှင်တို့ သစ္စာလေးပါးတရားကို သိမြင်တော်မူရာ သစ်ပင် ဖြစ်လျှင် ဗောဓိဟူသော အမည်ထူးကို ရပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီးတွင် ရှင်အာနန္ဒာက "ယခုအခါ အဝေးမှလာကြသော ရဟန်းတို့သည် မြတ်စွာဘုရားရှင်ကို ဖူးမြင်ကြရ၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သောအခါ ရဟန်းတို့သည် မြတ်စွာဘုရားရှင်ကို ဖူးမြင်ရတော့မည်မဟုတ်ပါ"ဟု လျှောက်ကြားသည်။

ထိုအခါ မြတ်စွာဘုရားက သဒ္ဓါတရားရှိသူများ ဖူးမြင်ကြပြီး သံဝေဂ ဖြစ်စေနိုင်သော လေးဌာနကို ဟောကြားတော်မူသည်။

"မြတ်စွာဘုရားဖွားမြင်သော လုမ္ဗိနီဥယျာဉ်သည်လည်းကောင်း၊ ဘုရားအဖြစ်သို့ရောက်သော မဟာဗောဓိသည်လည်းကောင်း၊ ဓမ္မစကြာတရား ဟောကြားရာ မိဂဒါဝုန်တောသည်လည်းကောင်း၊ ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံသည်လည်းကောင်း ဤလေးဌာနသည် သဒ္ဓါရှိသူများ ဖူးမြော်ထိုက်၏။ သံဝေဂ ရစေသောဌာနဖြစ်၏"ဟု ဟောကြားတော်မူသည်။

ထို့ကြောင့် ကဆုန်လပြည့်နေ့တွင် လုမ္ဗိနီဥယျာဉ်၊ မဟာဗောဓိပင်နှင့် ကုသိနာရုံတို့သည် အမှတ်ထင်ထင် သတိရစရာဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် လုမ္ဗိနီဥယျာဉ်နှင့် ကုသိနာရုံရှိရာသို့ လူတိုင်းမရောက်နိုင် ကြသဖြင့် မဟာဗောဓိပင်ကို ရည်မှန်းကာ မိမိတို့ရပ်ရွာဒေသရှိ ဗောဓိညောင်ပင်ကို အာရုံပြု၍ ရေလှူဒါန်း သွန်းလောင်းနိုင်သည်။

ရေပြတ်၊ ရေစစ်ချိန်၌ နေ၏အပူရှိန်သည် အရာရာကို ပူပြင်းခြောက်သွေ့စေသည်။ ဤသို့ဖြစ်နေခိုက်ဝယ် ဘုရားရှင်ပွင့်တော်မူရာ ဗောဓိညောင်ပင်၏ ခြေတော်ရင်းကို ရေစင်သွန်းလောင်းပူဇော်ခြင်းဖြင့် ဘုရားရှင်၏ ကျေးဇူးတော်ကို အလုပ်အကျွေးပြုကြသည်။

ကဆုန်လသည် အလွန်ပူအိုက်သောလဖြစ်၍ မိုးရာသီကို ကြိုလင့်သောလ လည်းဖြစ်သည်။ **"ကဆုန် နယုန် မိုးသံစုံ"**သည့် အချိန်ဖြစ်ရာ မိုးရိပ်မိုးငွေ့များ စတင်ယှက်သန်းလာလေ့ရှိသည်။ တစ်နည်းအားဖြင့် နွေအကုန် မိုးအကူးကာလဖြစ်သည်။ **"ကဆုန်လတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့"**ဟု မိုးလင်္ကာက မြေသင်းရနံ့နှင့် မိုးကို တင်စားဖွဲ့ဆိုခဲ့သည်။

ကဆုန်လပြည့်နေ့ရောက်တိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ရွာ ဒေသအသီးသီးတို့၌ အလှူဒါနပွဲများနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်များကို စဉ်လာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

> မြန်မာဗုဒ္ဓဘာသာဝင် အပေါင်းတို့က ကဆုန်လပြည့်နေ့ကို "ဗုဒ္ဓနေ့"ဟု သတ်မှတ်ကာ ဘုရားဖြစ်တော်မူစ ကျူးရင့်တော်မူသည့် ဥဒါန်းဂါထာတော်များနှင့် ပဋိစ္စသမုပ္ပာဒ် ပါဠိဒေသနာများကို ရွတ်ဖတ်ပူဇော် ကျင်းပကြသည်။ ထို့ကြောင့် ဤကဆုန်လသည် ဗုဒ္ဓဘာသာဝင်အပေါင်းတို့အဖို့ လထူးလမြတ်ကြီးဖြစ်ပါသည်။
>
> မြန်မာလူမျိုးတို့သည် ရှေးနှစ်ပေါင်းများစွာမှစ၍ ယခုကာလအထိ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို ရိုးရာယဉ်ကျေးမှု ရာသီပွဲအနေဖြင့် ကျင်းပကြသည်။ ညောင်ရေသွန်းပွဲတော်ကား ဂေါတမဘုရားသခင် ပွင့်တော်မူခဲ့ရာ ဗောဓိညောင်ပင်၏ ဆင့်ပွားဗောဓိညောင်ပင်များကို အမွှေးနံ့သာရည် (သို့မဟုတ်) သန့်စင်သောရေတို့ဖြင့် သွန်းလောင်းပူဇော်ကြသည့်ပွဲတော်ဖြစ်ပါသည်။

သင်္ဃန်းကျွန်းမြို့နယ် (၅၀၂) အိုလံပစ်တာဝါ(၃) ရတနာမိုးကုမ္ပဏီနှင့် မင်းချိန်းကုမ္ပဏီမှ အလှူငွေကျပ်သုံးသိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ လက်ခံရယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၅-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် ကဆုန်လပြည့်ဗုဒ္ဓနေ့တရားတော်**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၃၀ ၄။ မြန်မာသံစဉ်ချိုနှာဝင်
- ၄:၄၅ ၅။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၆။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -The Force of Gravity (ဒုတိယနှစ်-အထူးပြုအားလုံး)**
- ၅:၃၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွာနဲ့ ကြမ္မာ" (အပိုင်း-၂၄)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **°FA-CUP ဘောလုံးပွဲ Arsenal Vs Manchester United. (Delay)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ပြီး ထာဝရတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်

ရန်ကုန် မေ ၂၀

၁၉၉၅ခုနှစ် ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေး ခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ရှမ်းတိုင်းရင်းသား ရပ်မိရပ်ဖ ဦးစိုင်းမွမ်းက ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေးနှင့်အဖွဲ့အား ဒေသခံ တိုင်းရင်းသားပြည်သူများကိုယ်စား ပြောကြားသည့် ကြိုဆိုဂုဏ်ပြုစကားနှင့် ဝမ်းမြောက်ကျေးဇူးတင်စကားမှာ အောက်ပါအတိုင်းဖြစ်သည်—

SSNA တပ်မဟာ(၁၉) တပ်မဟာမှူး ဦးဂုဏ်ခေးဟာ ကျွန်တော်နှင့် ယခင်ကတည်းက ညီအစ်ကိုလို ရင်းနှီးခဲ့သူဖြစ်ပါတယ်။ ဦးဂုဏ်ခေးအနေနဲ့ လက်နက်စွဲကိုင်ပြီး ပြည်သူလူထုထံမှ ဆက်ကြေးများကောက်ခံပြီး ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်နေတာတွေကို အမြင်မှန်ရလာတဲ့အပြင် SSNA တပ်မဟာ(၁၁) ဦးကန်နနှင့် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ဦးအိုက်မုန်းတို့ လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့တာကို တွေ့ရှိခဲ့ပါတယ်။

ဒီအဖွဲ့တွေကို နိုင်ငံတော်အစိုးရအနေနဲ့ နွေးထွေးစွာကြိုဆိုပြီး ဒေသဖွံ့ဖြိုးရေးတွေ ချက်ချင်းလုပ်ကိုင်ပေးနေတာတွေ့နေရတော့ ဦးဂုဏ်ခေးက ၎င်းတို့အဖွဲ့အနေဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်လိုကြောင်း ကျွန်တော်နဲ့ တိုင်ပင်ဆွေးနွေးလာပါတယ်။

ဝန်ထုပ်ဝန်ပိုးသာဖြစ်

ကျွန်တော်ကလည်း ၎င်းတို့အဖွဲ့အနေဖြင့် ယခုလို လက်နက်ကိုင်ပြီးနေသမျှ ပြည်သူလူထုကို အကျိုးပြုနိုင်မှာ မဟုတ်ဘဲ ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးသာ ဖြစ်နေမှာဖြစ်လို့ ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲလှယ်ခြင်းဟာ SSNA တပ်မဟာ(၁၉)အတွက်ရော ဒေသခံပြည်သူလူထုအတွက်ပါ အင်မတန် ကောင်းမွန်မှာဖြစ်ကြောင်း။

၂၀၀၅ခုနှစ် မေလ (၁၇) ရက်နေ့မှာ ကျွန်တော်နဲ့ SSNA တပ်မဟာ(၁၉) တပ်မဟာမှူး ဦးဂုဏ်ခေးတို့ဟာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ထံ

ရှမ်းတိုင်းရင်းသား ရပ်မိရပ်ဖ ဦးစိုင်းမွမ်းက ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

သွားရောက်ပြီး ဦးဂုဏ်ခေးက ၎င်းတို့အဖွဲ့ လက်နက်နှင့် ထာဝရငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်လိုကြောင်း တင်ပြခဲ့ပါတယ်။

တိုင်းမှူးက ဝမ်းပန်းတသာကြိုဆိုခဲ့ပြီး ယခုလိုအမြင်မှန်ရပြီး လမ်းကြောင်းမှန်ပေါ် တက်လာတဲ့ ဦးဂုဏ်ခေးတို့ တပ်မဟာ(၁၉)မှ အဖွဲ့များကို တိုင်းစစ်ဌာနချုပ်မှလည်းကောင်း၊ နိုင်ငံတော်မှလည်းကောင်း ဂုဏ်ပြုကြိုဆိုမှာဖြစ်ပြီး အဖွဲ့အတွက်ရော ဒေသခံပြည်သူလူထုအတွက်ပါ ဖွံ့ဖြိုးရေးတွေ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်ဆောင်ရွက်

မကြာခင်က လက်နက်နှင့် ထာဝရငြိမ်းချမ်းရေး လဲလှယ်ခဲ့တဲ့ SSNA တပ်မဟာ(၁၁) ဦးကန်နနှင့် PSLA အဖွဲ့မှ ဦးအိုက်မုန်းတို့အဖွဲ့ကို နိုင်ငံတော်မှ ထောက်ပံ့ပေးသလို ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးမှာ အရှိန်အဟုန်နဲ့ ဆောင်ရွက်ပေးနေကြောင်း ပြောကြားခဲ့ပါတယ်။

အမှန်တကယ်လည်း ဦးကန်နတို့ရဲ့ စယ်အူဒေသနဲ့ ဦးအိုက်မုန်းတို့ရဲ့ ပလောင်ဒေသမှာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးရေးတွေ ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

ယခုလို SSNA တပ်မဟာ(၁၉)မှ ဦးဂုဏ်ခေးတို့အဖွဲ့ အနေဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်လိုက်တဲ့အတွက် ၎င်းတို့အဖွဲ့အတွက်ရော နမ့်ပေါင်ဒေသအတွက်ပါ အထူးကောင်းမွန်ပြီး ဒေသလည်း ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ပါတယ်။

လက်နက်ကိုင်ထားသော တခြားအဖွဲ့များအနေနဲ့လည်း ဦးဂုဏ်ခေးအဖွဲ့လို အမြင်မှန်ရပြီး လက်နက်နဲ့ထာဝရငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ကြမယ်ဆိုရင် ကျွန်တော်တို့ ရှမ်းပြည်နယ်ကြီးဟာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲကေန်ဖြစ်ပါတယ်။

SSNA တပ်မဟာ(၁၉)မှ ဦးဂုဏ်ခေးတို့အဖွဲ့အနေဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်လိုက်တဲ့အတွက် ၎င်းတို့အဖွဲ့အတွက်ရော နမ့်ပေါင်ဒေသအတွက်ပါ အထူးကောင်းမွန်ပြီး ဒေသလည်း ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်။

ဒါ့ကြောင့် ညီအစ်ကို လက်နက်ကိုင်အဖွဲ့များကို ကျွန်တော့်အနေနဲ့ ဥပဒေဘောင်အတွင်းမှ လက်နက်ကိုင်နေလို့ ပြည်သူလူထုကို ဘာမှအကျိုးမပြုနိုင်တဲ့အတွက် လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ပြီး ပြည်သူလူထုအတွက် ထာဝရတည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သတင်းစဉ်)

SSNA တပ်မဟာ(၁၉)အဖွဲ့ဝင်အားလုံး လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ရန် ဆုံးဖြတ်လိုက်ကြတဲ့အတွက် ရင်ထဲ အသည်းထဲက လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြု

ရန်ကုန် မေ ၂၀

၁၉၉၅ခုနှစ် ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေး ခေါင်းဆောင်သော ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်သည့် အခမ်းအနားတွင် ဒေသခံ ရှမ်းတိုင်းရင်းသူ မနန်းစံဟွမ်က ဦးဂုဏ်ခေးနှင့်အဖွဲ့အား ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ပြောကြားသည့် ကြိုဆိုဂုဏ်ပြုစကားနှင့် ဝမ်းမြောက်ကျေးဇူးတင်စကားမှာ အောက်ပါအတိုင်းဖြစ်သည်—

ကျွန်မကတော့ နမ့်ပေါင်ကျေးရွာမှာ မွေးဖွားကြီးပြင်းလာခဲ့ပြီး ကျွန်မရဲ့ ဘဝတစ်သက်တာမှာ ဒီကနေ့ဟာ အပျော်ဆုံး နေ့တစ်နေ့ ဖြစ်ပါတယ်။ ကျွန်မလိုပဲ မိဘဆွေမျိုးတွေ၊ ညီအစ်ကိုမောင်နှမတွေ၊ သူငယ်ချင်းအပေါင်းအသင်းတွေ အပါအဝင် တိုင်းရင်းသားပြည်သူအားလုံးဟာ ပျော်ရွှင်ကြည်နူးနေကြပါတယ်။

ကုန်လွန်ခဲ့တဲ့ ကာလတွေတုန်းကတော့ နမ့်ပေါင်ဒေသမှ တိုင်းရင်းသူအမျိုးသမီးတွေရဲ့ဘဝမှာ ပျော်ရွှင်ကြည်နူးမှုဆိုတာ ချိုနဲ့လားလို့ မေးယူရလောက်အောင် ဆိတ်သုဉ်းခဲ့ရပါတယ်ရှင်။

မငြိမ်းချမ်းတဲ့ ကျွန်မတို့မိဘတွေခေတ်တုန်းကဆိုရင် သေစာရှင်စာကိုတောင် အနိုင်နိုင် သင်ခဲ့ကြရပါတယ်။ အစ်ကိုအစ်မတွေခေတ်ကတော့ မူလတန်း၊ အလယ်တန်းလောက်သာ ကျောင်းနေခဲ့ကြရပါတယ်။

ပညာသင်ကြားခွင့်ရ

တပ်မတော်အစိုးရ လက်ထက်နဲ့ ကြုံတွေ့ရတဲ့ ကျွန်မတို့ကတော့ နမ့်ပေါင် အထက်တန်းကျောင်းကြီး ဆောက်ပေးလို့ ၁၀တန်း အောင်ခဲ့ရပါတယ်။ ၁၀တန်းအောင်ပြီး လားရှိုး ဒီဂရီကောလိပ်ကြီး ရှိလာတဲ့အတွက် တက္ကသိုလ်ပညာရပ်တွေကို ကံကောင်းထောက်မစွာ ဆက်လက်သင်ကြားခွင့် ရရှိခဲ့ပါတယ်။ အခုဆိုရင် လားရှိုးမြို့မှာ ဒီဂရီကောလိပ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နဲ့ သူနာပြုသင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိတဲ့အတွက် ကျွန်မတို့ နမ့်ပေါင်ဒေသမှာ ပညာတတ်တွေ၊ ဘွဲ့ရတွေ များပြားလာခဲ့ပါပြီရှင်။

လယ်လုပ်တော့ ထွက်လာတဲ့ စပါးကို အခွန်ပေးရပါတယ်။ ကျွဲတွေ၊ နွားတွေ ရှိပြန်တော့လည်း အခွန်ဆောင်ရပါတယ်။ အလုပ်ပိုလုပ်လို့ ငွေပိုငွေလျှံလေးနဲ့ သွပ်မိုးအိမ်ဆောက်ပြီး ထော်လာဂျီ ဝယ်နိုင်ပြန်ရင်လည်း တောတွင်းလက်နက်ကိုင်အဖွဲ့ရဲ့ အခွန်က နောက်ကနေ ထက်ကြပ်မကွာ လိုက်လာပြန်ပါတယ်။ ကြာတော့လည်း လုပ်ကိုင်စားသောက်ချင်စိတ်၊ ကြီးပွားတိုးတက်ချင်စိတ်တွေ ကုန်ခန်းလာပါတယ်။

ဒါတင်မကသေးပါဘူးရှင်၊ ကျွန်မတို့ရဲ့ ရင်နှစ်သည်းချာ သားငယ်တွေကို ဥပဒေမဲ့လက်နက်ကိုင်ဖို့ လူသစ်စုမယ့် အန္တရာယ်ကိုလည်း စိုးရိမ်နေရပါသေးတယ်။ ငွေကြေးတတ်နိုင်တဲ့သူတွေက သူတို့သားသမီးတွေကို မြို့ပေါ်မှာ ကျောင်းသွားထားနိုင်ကြပေမယ့် မတတ်နိုင်တဲ့ သူတွေကတော့ ရွာဦးကျောင်းက ဆရာတော်ဆီမှာ အားကိုးတကြီးနဲ့ ကိုရင်ဝတ်ပေး ထားကြရပါတယ်။ ကိုရင်တွေများပြီး အချိန်ကြာလာတဲ့အခါ ဆရာတော်ကျောင်းမှာ ဆွမ်းကွမ်း

ဥပဒေမဲ့ လက်နက်တွေကို နိုင်ငံတော်ကို အပ်နှံပြီး ဒို့နဲ့အတူ ဒို့တူပေါင်ဖက် လုပ်ကိုင်စားသောက်ကြရရင် ဘယ်လောက်များ ပျော်စရာကောင်းမလဲလို့ မျှော်လင့် စိတ်ကူးယဉ်မိခဲ့။

ဒေသခံ ရှမ်းတိုင်း ရင်း သူ မနန်းစံဟွမ် က ကျေး ဇူး တင်စကား ပြောကြားစဉ်။
(သတင်းစဉ်)

မလုံလောက်တော့တဲ့အတွက် ဆရာတော်တွေက ဒေသအကြီးအကဲ တိုင်းမှူးကြီးအထိ ဒကာ၊ ဒကာမတွေကိုယ်စား စာရေး မေတ္တာရပ်ခံခဲ့ကြရပါတယ်။

ဒါပေမယ့် မလွတ်ပါဘူးရှင်၊ လူသစ်မပေးနိုင်ရင် ငွေကြေးပေးရပါတယ်။ ပေးစရာငွေမရှိ ပြေးစရာ မြေမရှိတဲ့ ကျွန်မတို့တစ်တွေဟာ တွေ့ကြုံခံစားနေရတဲ့ ဒုက္ခတွေကို ရင်ဖွင့်ချင်၊ တိုင်တောချင်ပေမယ့် နီးရာခေါ်လက်နက်ကိုင်တွေကို ငယ်ကြောက်ဖြစ်နေတာကြောင့် ဒီဒုက္ခဝေဒနာတွေကို ရင်ထဲမှာပဲ ကြိတ်မှိတ်ခံစားခဲ့ကြရပါတယ်။

ဒို့ဒေသက ဒို့ရဲ့မောင်ဘွားအစ်ကိုတွေ၊ လက်နက်ကိုင်အဖွဲ့တွေကလည်း သူများလို အမှားကိုမြင် အမှန်ကို ပြင်ကြရင် သိပ်ကောင်းမှာပဲ၊ ကိုင်ထားတဲ့ ဥပဒေမဲ့လက်နက်တွေကို နိုင်ငံတော်ကိုအပ်နှံပြီး ဒို့နဲ့အတူ ဒို့တူပေါင်ဖက် လုပ်ကိုင်စားသောက်ကြရရင် ဘယ်လောက်များ ပျော်စရာကောင်းမလဲလို့ မျှော်လင့် စိတ်ကူးယဉ်မိခဲ့ပါတယ်ရှင်။

ဒီနေ့တော့ ကျွန်မတို့ အားလုံး ဆုတောင်းပြည့်ကြပါပြီ၊ ကျွန်မတို့ တိုင်းရင်းသူတွေ အနှစ်နှစ် အလလက စိတ်ကူးယဉ်အိပ်မက် အမှန်တကယ် အကောင်အထည်ပေါ်ခဲ့ပါပြီရှင်။

လှိုက်လှိုက်လှဲလှဲကြိုဆို

SSNA တပ်မဟာ(၁၉)က ဦးဂုဏ်ခေး၊ ဦးခမ်းလျှန်နဲ့ အဖွဲ့ဝင်တွေအားလုံးဟာ လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ပြီး ကျွန်မတို့နဲ့အတူ တကွ အေးအတူပူအမျှ နေထိုင်ကြဖို့ ဆုံးဖြတ်လိုက်ကြတဲ့အတွက် ကျွန်မတို့ တိုင်းရင်းသူအားလုံးက ရင်ထဲအသည်းထဲကနေ လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုပါတယ်၊ ပြည်သူအားလုံးရဲ့ကိုယ်စား အထူးကျေးဇူးလည်း တင်ပါတယ်ရှင်။

အခုဆိုရင် လက်နက်အပ်နှံပြီးကြတဲ့ ကျွန်မတို့ရဲ့ မောင်ဖွားအစ်ကိုတွေဟာ မိသားစုရှိရာကို အသီးသီး ပြန်ကြပါတော့မယ်။ သားတွေက မိခင်တွေရဲ့ ရင်ခွင်ဆီကို၊ ခင်ပွန်းသည်တွေက ဇနီးသည်တွေ၊ မိသားစုတွေရဲ့ ရင်ခွင်ကို ပြန်လည် ရောက်ရှိကြပါတော့မယ်။ အရင်က ခြောက်သွေ့တိတ်ဆိတ်နေတဲ့ မိသားစုထမင်းဝိုင်းတွေဟာ ရယ်မောသံတွေနဲ့ ပြန်လည်စိုပြည်လာပါတော့မယ်။

ကျွန်မတို့ နမ့်ပေါင်ဒေသရဲ့ ပျော်ရွှင်ဝမ်းသာကြည်နူးရတဲ့ နေ့ထူးနေ့မြတ် အခမ်းအနားကို တက်ရောက်အားပေး မျှဝေခံစားပေးကြတဲ့ အကြီးအကဲများ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်ရှင်။

ကျွန်မတို့ ဒီကနေ့ ခံစားရတဲ့ ပျော်ရွှင်ဝမ်းသာမှုကို ကျွန်မတို့လို ဒုက္ခခံစားခဲ့ကြရတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံး ခံစားနိုင်ကြပါစေ၊ မကြာမီ အချိန်ကာလအတွင်းမှာ ကျွန်မတို့လိုပဲ ပြည့်ပြည့်ဝဝ ပြုံးပျော်နိုင်မယ့်နေ့ရက်ကို အမြန်ဆုံး ရောက်ရှိကြပါစေ၊ သာယာကြည်နူးရတဲ့ မိသားစုဘဝတွေကို ပြန်လည်ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ (သတင်းစဉ်)

ပြည်ပဆရာကြီးများက တိုင်းရင်းသားပြည်သူများအကျိုးကို လိုလားသယောင်ယောင် သွေးခွဲစည်းရုံးနေကြသည်ကို နားမ

လက်နက်အပ်နှံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးထံ ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းထွန်းက လက်နက်အပ်နှံစဉ်။ (သတင်းစဉ်)

၁၉၉၅ခုနှစ် ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေး ခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ (၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်စွန့်လွှတ် အပ်နှံလဲလှယ်သည့် အခမ်းအနားကို လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာတွင် ကျင်းပစဉ်။ (သတင်းစဉ်)

▲ ရှေ့ဖုံးမှ

ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်းနှင့် မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ အင်အား ၅၂၀၀ကျော် တက်ရောက်ကြသည်။

ထို့အတူ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ကြသည့် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေး၊ ဒုတိယတပ်မဟာမှူး ဦးခမ်းလျှန်၊ တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းဆောင်၊ ဦးစိုင်းထွန်း၊ ဦးစိုင်းတော၊ ဦးစိုင်းချန်တို့အပါအဝင် တပ်ဖွဲ့ဝင် စုစုပေါင်း ၃၂၅ဦးတို့လည်း တက်ရောက်ကြသည်။

အလားတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် အထူးဒေသ(၃) SSA အဖွဲ့မှ ဦးလွယ်မောင်နှင့်အဖွဲ့၊ အထူးဒေသ(၅) ကေဒီအေအဖွဲ့မှ ဦးမထုနော်နှင့်အဖွဲ့၊ မန်ဖန်ပြည်သူ့စစ်အဖွဲ့မှ ဦးစိုင်းမွန်းနှင့်အဖွဲ့၊ မုံးဟင်၊ မုံးဟပြည်သူ့စစ်အဖွဲ့မှ ဦးလောမားနှင့်အဖွဲ့၊ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ပြီးဖြစ်သည့် ဦးကန်နနှင့် ဦးအိုက်မုန်းတို့လည်း တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိများအဖြစ် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့်

၁၉၉၅ ခုနှစ်က တည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦး ဂုဏ်ခေး ခေါင်း ဆောင်သော ရှမ်းပြည် အမျိုးသား တပ်မတော် (SSNA) တပ်မဟာ (၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့် အခမ်းအနား တွင် အခမ်းအနားမှူး အဖြစ် နမ့်ပေါင်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များဖြစ်ကြသော ရှမ်းတိုင်းရင်းသူ မနန်းစံတွမ်ခမ်းနှင့် မနန်းစံနွမ်းငယ်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးများအဖြစ် နမ့်ပေါင်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များဖြစ်ကြသော ရှမ်းတိုင်းရင်းသူ မနန်းစံတွမ်ခမ်းနှင့် မနန်းစံနွမ်းငယ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူး မနန်းစံတွမ်ခမ်းက ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)မှ ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာသည်။

အမှာစကားပြောကြား

အစီအစဉ်အရ သဘာပတိ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် မိမိတို့လားရှိုးမြို့နယ် နမ့်ပေါင်ဒေသရှိ တိုင်းရင်းသားညီအစ်ကိုများအတွက်သာမကဘဲ ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခွင်လုံးအတွက်လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး တစ်ခုလုံးအတွက်လည်းကောင်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံလိုအပ်ချက်ဖြစ်သည့် နယ်မြေတည်ငြိမ်အေးချမ်းရေးကို ဤဒေသတွင် ထာဝရဖော်ဆောင်နိုင်တော့မှာဖြစ်သည့်အတွက် အလွန်ဝမ်းမြောက်ကြည်နူး ဂုဏ်ယူဖွယ်ရာကောင်းသည့်၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် အခမ်းအနားတစ်ရပ် ဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ ကိုလိုနီလက်သစ် ပြည်ပဆရာကြီးများက မိအရင်းဘအရင်းဖြစ်သည့် နိုင်ငံတော်အစိုးရထက် နိုင်ငံသားတိုင်းရင်းသားပြည်သူများ၏အကျိုးကို လိုလားသယောင်ယောင် သွေးခွဲစည်းရုံးနေကြသည်ကို နားမယောင်မိကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

ဝမ်းမြောက်ကျေးဇူးတင်

ဦးဂုဏ်ခေးနှင့် အတူတကွ စိတ်တူကိုယ်တူ ညီညွတ်စွာဖြင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလာကြသော ဒုတပ်မဟာမှူး ဦးခမ်းလျှန်၊ တပ်ရင်းမှူး ဦးစိုင်းဆောင်၊ တပ်ရင်းမှူး ဦးစိုင်းထွန်း၊ တပ်ရင်းမှူး ဦးစိုင်းတော၊ တပ်ရင်းမှူး ဦးစိုင်းချန်တို့အပါအဝင် (SSNA) တပ်မဟာ(၁၉)မှ ညီအစ်ကိုအားလုံးကိုလည်းပဲ လမ်းစပျောက်ပြီး လမ်းမှားကိုရောက်တော့မည့်ဆဲဆဲ တပ်ဖွဲ့ဝင်များအပေါ် လမ်းကြောင်းမှန်တစ်ခုတည်းအပေါ် တစုတစည်း တစည်းတလုံးတည်းရောက်ရှိလာအောင် ညီညီညွတ်ညွတ် စည်းရုံးလုပ်ဆောင်ပေးနိုင်ခဲ့ကြသည့်အတွက် အထူးပင်ဝမ်းမြောက် ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုပြောကြားလိုပါကြောင်း။

ကျန်ရှိနေသေးသည့် အကြောင်းအမျိုးမျိုးနှင့် သံသယစိတ်များ၊ အစွန်းရောက် လူမျိုးရေးစိတ်များဖြင့် လက်နက်စွဲကိုင်ထားကြသေးသည့် ညီအစ်ကိုများကိုလည်းပဲ မိမိတို့တပ်ဖွဲ့ဝင်များအချင်းချင်းသော်လည်းကောင်း၊ ဒေသနေမိဘပြည်သူများထံတွင်သော် လည်းကောင်း သဘောထားဆန္ဒအမှန်များကို ကိုယ်တိုင်ဆန်းစစ်လေ့လာကြပြီး ထာဝရငြိမ်းချမ်းရေးလမ်းကြောင်းမှန်ပေါ်သို့

ထင်ထင်ရှားရှားသက်သေပြ

ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏သား ပြည်ပြေးစဝ်ခမ်ဖဦးစီးသည့်အဖွဲ့က ၂၀၀၅ခုနှစ် ဧပြီလ ၁၇ရက်တွင် ပြည်ပတစ်နေရာမှနေ၍ ရှမ်းပြည်ယာယီအစိုးရဆိုသည့်အဖွဲ့ကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း သတင်းထုတ်လွှင့်ကြေညာခဲ့ကြောင်း၊ ဤသို့ ပြည်ပြေးစဝ်ခမ်ဖအဖွဲ့၏ အခြေအမြစ်မရှိသည့် ပြည်ပအားကိုး ကြေညာချက်ထုတ်ပြန်ပြီးချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် ယခုကဲ့သို့ အချိန်ကာလမျိုးတွင် ရှမ်းပြည်နယ်ခွဲထွက်ခြင်းကို ဆန့်ကျင်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိနေကြကြောင်း၊ မည်သူတွေ မည်သို့ပင် သွေးခွဲခွဲ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်မာသည်ထက် ပိုမိုခိုင်မာအောင် တည်ဆောက်နေကြလျက်ရှိကြောင်းကို ထင်ထင်ရှားရှား သက်သေပြမှုတစ်ရပ်အနေဖြင့် ယခုကဲ့သို့ (SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေး ဦးဆောင်သည့် တိုင်းရင်းသားညီအစ်ကိုတွေက လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်အပ်နှံကြပြီး "အရေးကြီးလျှင် သွေးစည်း" ကြသည့် မိမိတို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားကို ထင်ထင်ရှားရှား ပြသလိုက်နိုင်ခြင်းအပေါ် အထူးပင်ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုပါကြောင်း အလေးအနက် ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ အလွန်ဝမ်းမြောက်ကြည်နူးဖွယ်ရာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် အခမ်းအနားတွင် တက်ရောက်လာကြသည့် တိုင်းရင်းသားသွေးချင်းညီအစ်ကိုများကို မိမိတို့တစ်တွေအားလုံး အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲစေရန်၊ မိမိတို့အားလုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မာသည်ထက် ပိုမိုခိုင်မာအောင် တည်ဆောက်နေကြရန် အလွန်အရေးကြီးလိုအပ်နေသည့် အချိန်ကာလ

အမြန်ဆုံး တက်လှမ်းလာနိုင်ကြပါစေဟု ရင်တ
အဝဖြင့် ပန်ကြားတိုက်တွန်းလိုက်ရပါကြောင်

ယခုကဲ့သို့ ထူးခြားလေးနက်စွာဖြင့် ဦးဂု
ခိုင်မာမှန်ကန်သည့် ဆုံးဖြတ်လုပ်ဆောင်ချက်
အနေဖြင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုသေ
ညီအစ်ကိုများ၏ လုံခြုံရေးအပါအဝင် စားဝတ်နေ
မျက်ခြည်မပြတ် အတတ်နိုင်ဆုံး ဖြည့်ဆည်းကူည
သွားမှာဖြစ်သည့်အပြင် နိုင်ငံတော်အပိုင်းကလ
အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊
ရေး အခြေခံလိုအပ်ချက်များကို အထူးတလည်
မည်ဖြစ်ကြောင်းကိုလည်း ကတိပြုပြောကြားလိုပ

လက်နက်များအပ်

ထို့နောက် လက်နက်များ အပြီးအပိုင်စွန့်
ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှ
ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ရှမ်
(SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂ
ဦးခမ်းလျှန်နှင့် တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းဆေ
အပ်နှံကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယ
ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးထံ ရှမ်းပြည်အ
တပ်မဟာ(၁၉)မှ တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းထွ
တို့က လက်နက်များကို အပ်နှံကြသည်။

...လုံးလုံး ညီညီညွတ်ညွတ်ရှိနေကြ ...ထင်ထင်ရှားရှား ပြသလိုက်နိုင ...ုံးရုံးနေကြသည်ကို နားမယောင်မိဖို့လို

အမြန်ဆုံး တက်လှမ်းလာနိုင်ကြပါစေဟု ရင်တွင်းက စေတနာမေတ္တာအပြည့် အဝဖြင့် ပန်ကြားတိုက်တွန်းလိုက်ရပါကြောင်း။

ယခုကဲ့သို့ ထူးခြားလေးနက်စွာဖြင့် ဦးဂုဏ်ခေးတို့ တပ်မဟာ(၁၉)၏ ခိုင်မာမှန်ကန်သည့် ဆုံးဖြတ်လုပ်ဆောင်ချက်များကို တိုင်းမှူးတစ်ယောက် အနေဖြင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ညီအစ်ကိုများ၏ လုံခြုံရေးအပါအဝင် စားဝတ်နေရေး အခြေခံလိုအပ်ချက်များကို မျက်ခြည်မပြတ် အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီဆောင်ရွက်ရန် တာဝန်ယူပေး သွားမှာဖြစ်သည့်အပြင် နိုင်ငံတော်အပိုင်းကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွား ရေး အခြေခံလိုအပ်ချက်များကို အထူးတလည် ဖြည့်ဆည်းဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်းကိုလည်း ကတိပြုပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

လက်နက်များအပ်နှံ

ထို့နောက် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံသည့် အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေး၊ ဒုတိယတပ်မဟာမှူး ဦးခမ်းလျှန်နှင့် တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းဆောင်တို့က လက်နက်များကို အပ်နှံကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးထံ ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)မှ တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းထွန်း၊ ဦးစိုင်းတောနှင့် ဦးစိုင်းချန် တို့က လက်နက်များကို အပ်နှံကြသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေး ခေါင်းဆောင်သော ရှမ်းပြည် အမျိုးသား တပ်မတော်(SSNA) တပ်မဟာ (၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့် အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်လာကြသူ များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အပ်နှံသောလက်နက်များ

ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က အပ်နှံသော လက်နက်များမှာ ဖဝမမ စိန်ပြောင်းတစ်လက်၊ RPJ (82) ခြောက်လက်၊ RPJ (625) တစ်လက်၊ RPJ(5) သုံးလက်၊ M (79) ခြောက်လက်၊ Spars နှစ်လက်၊ M (23) ၂၁ လက်၊ AK (47) တစ်လက်၊ M(61) စက်လတ်တစ်လက်၊ M(16) A1 တစ်လက်၊ BA(63) ခြောက်လက်၊ M (16) ၅၁လက်၊ M(14) တစ်လက်၊ M (22) ၅၈လက်၊ M (21) ၁၃လက်၊ ကာဘိုင်လေးလက်၊ M (20) ပစ္စတိုလေးလက်၊ ၉မမ ပစ္စတိုသုံးလက်၊ ပွိုင့် ၃၈ နှစ်လက်၊ ခြောက်လုံးပြူးတစ်လက်၊ ငါးလုံးပြူးတစ်လက်၊ တစ်လုံးထိုးပစ္စတိုတစ်လက်၊ အချက်ပြပစ္စတိုတစ်လက်၊ လုပ်သေနတ်တစ်လက် အပါအဝင် လက်နက်မျိုးစုံ စုစုပေါင်း ၁၉၀၊ ဗုံးသီးမျိုးစုံ ၁၁၅လုံး၊ ခဲယမ်းမျိုးစုံ ၇၆၆၃တောင့်၊ မိုင်း ၁၀၂လုံး၊ ကျည်အိမ် စုစုပေါင်း ၁၆၇ခု၊ ဆက်သွယ်ရေးစက်မျိုးစုံ ၂၅လုံးတို့ဖြစ်သည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ ရှမ်းပြည် အမျိုးသား တပ်မတော်(SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေးက ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်လဲလှယ် အပ်နှံဆောင်ရွက်ရသည့်အကြောင်း နှင့် ရည်ရွယ်ချက်၊ ၎င်းတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအား ကျေးဇူးတင် ကြောင်းတို့ကို မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ပြောကြားသည်။

(ရှမ်းပြည် အမျိုးသားတပ်မတော်(SSNA)တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေး၏ ပြောကြားချက်အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် ရှမ်းပြည်အမျိုးသား တပ်မတော်(SSNA) တပ်မဟာ (၁၉) ဌာနချုပ်မှ ဗိုလ်ကြီးအဆင့်ရှိ မွမ်းဖက မိမိတို့ တစည်းတလုံးတည်း လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံပြီး အပြည့်အဝ ငြိမ်းချမ်းရေးနှင့် လက်နက်များ လဲလှယ်ရခြင်းအကြောင်းရင်းနှင့် ကျေးဇူးတင်စကားကို မြန်မာ ဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ပြောကြားသည်။

(ရှမ်းတိုင်းရင်းသား ရပ်မိရပ်ဖ ဦးစိုင်းမွန်း၏ ဝမ်းမြောက်ကျေးဇူးတင် စကားပြောကြားချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ဒေသခံ ရှမ်းတိုင်းရင်းသူ မနန်းစံဟွမ်က ဦးဂုဏ်ခေးနှင့်အဖွဲ့အား ဒေသခံ တိုင်းရင်းသား ပြည်သူများကိုယ်စား လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုကြောင်းနှင့် နမ့်ပေါင်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများအတွက် ဝမ်းမြောက် ကျေးဇူးတင်ရှိကြောင်းကို မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ပြောကြားသည်။

(ဒေသခံ ရှမ်းတိုင်းရင်းသူ မနန်းစံဟွမ်၏ ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားချက်အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော်က ထောက်ပံ့သော အဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်းများကို ရှမ်းပြည် အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေး၊ ဒုတိယတပ်မဟာမှူး ဦးခမ်းလျှန်နှင့် တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းဆောင်တို့အား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းထွန်း၊ ဦးစိုင်းတောနှင့် ဦးစိုင်းချန်တို့အား ဂုဏ်ပြုပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ထောက်ပံ့သည့် ဆန်အိတ် ၁၅၀နှင့် စားသုံးဆီ ပိဿာ ၁၀၀ တို့ကို ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေးနှင့် ဒုတိယတပ်မဟာမှူးဦးခမ်းလျှန်တို့အား ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် လဲလှယ်သည့်အခမ်းအနားကို မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●



(ရှမ်းပြည်အမျိုးသား တပ်မတော်(SSNA) တပ်မဟာ(၁၉)ဌာနချုပ်မှ ဗိုလ်ကြီးအဆင့်ရှိ မွမ်းဖ၏ ပြောကြားချက်အပြည့်အစုံကို သီးခြားဖော်ပြထား ပါသည်။)

ထို့နောက် ဒေသခံရှမ်းတိုင်းရင်းသား ရပ်မိရပ်ဖ ဦးစိုင်းကြူက ရှမ်းပြည် အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေးနှင့် အဖွဲ့အား ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား လှိုက်လှဲစွာ ကြိုဆို ဂုဏ်ပြုကြောင်းနှင့် နမ့်ပေါင်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအတွက် ဝမ်းမြောက်ကျေးဇူးတင်စကားကို မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ပြောကြားသည်။

(ရှမ်းတိုင်းရင်းသား ရပ်မိရပ်ဖ ဦးစိုင်းကြူ၏ ဝမ်းမြောက် ကျေးဇူး တင်စကားပြောကြားချက်အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ဒေသခံရှမ်းတိုင်းရင်းသား ရပ်မိရပ်ဖ ဦးစိုင်းမွန်းက (SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေးနှင့်အဖွဲ့အား ဒေသခံ တိုင်းရင်းသားပြည်သူများကိုယ်စား ကြိုဆိုဂုဏ်ပြုကြောင်းနှင့် နမ့်ပေါင်ဒေသ အတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအလားအလာအတွက် ဝမ်းမြောက် ကျေးဇူးတင်စကားကို မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ပြောကြားသည်။

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေးခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၉ မှ

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည် အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်ခဲ့သည့် လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထောက်ပံ့ပစ္စည်းများကြည့်ရှု

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည် အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉) တပ်ဖွဲ့အတွက် နိုင်ငံတော်က ထောက်ပံ့သော အဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်းများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ထောက်ပံ့သည့်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည် အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)မှ တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဂုဏ်ပြုပစ္စည်းပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)မှ တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းတောအား ဂုဏ်ပြုပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နိုင်ငံတော်က ထောက်ပံ့သော အဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်းများကို ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)မှ တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းဆောင်အား ပေးအပ်စဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ထောက်ပံ့သည့် ဆန်အိတ် ၁၅၀နှင့် စားသုံးဆီပိဿာ ၁၀၀တို့ကို ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉) တပ်မဟာမှူး ဦးဂုဏ်ခေးနှင့် ဒုတိယတပ်မဟာမှူး ဦးခမ်းလျှန်တို့အား ပေးအပ်စဉ်။ (သတင်းစဉ်)

ပျော်ဘွယ်စု ရေတွန်းစက်ရုံဖွင့်ပွဲ ကျင်းပ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတက်ရောက်

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး လိုက်ပါလျက် ယနေ့နံနက်က အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်ခဲ့သည့် မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာအုပ်စု ပျော်ဘွယ်စုကျေးရွာအနီးရှိ ပျော်ဘွယ်စုရေတွန်း စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

မြို့တော်ဝန်နှင့် အဖွဲ့အား ကော်မတီဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးအောင်သန်းဝင်း၊ ဗိုလ်မှူးကြီးကျော်စိုး၊ ဗိုလ်မှူးကြီးညီညီနှင့် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူးဦးသောင်းရင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးနှင့် ကော်မတီဝင် ဗိုလ်မှူးကြီး ကျော်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပျော်ဘွယ်စုရေတွန်းစက်ရုံ၏ ကမ္ပည်းမော်ကွန်းကျောက်စာကို ဖွင့်လှစ်ပေးပြီး ရေတွန်းစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရေတွန်းစက်ရုံသည် ဂျိုးဖြူရေလှောင်ကန်မှ ရန်ကုန်မြို့တွင်းသို့ ပို့လွှတ်ပေးနေသောရေများ အလျင်အမြန်စီးဆင်းစေရန် တွန်းတင်ပေးသောစက်ဖြစ်ပြီး စက်၏စွမ်းအားကြောင့် ဂျိုးဖြူကန်မှ တစ်နေ့လျှင် ရေဂါလန် ဆယ်သန်း ပိုမိုဖြန့်ဝေသွားနိုင်မည်ဖြစ်သည်။ (၁၉)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ပျော်ဘွယ်စု ရေတွန်းစက်ရုံ၏ ကမ္ပည်းမော်ကွန်းကျောက်စာကို ဖွင့်လှစ်ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (၁၉)

အခြေခံတိုင်းရင်းဆေးပညာရက်တိုသင်တန်းဆင်း

ရန်ကုန် မေ ၂၀

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်း အမှတ်စဉ်(၇/၂၀၀၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းကို ၂၀၀၅ခုနှစ် ဧပြီ၂၅ရက်မှ မေ ၂၀ရက်အထိ ရက်သတ္တလေးပတ်ကြာဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား ၅၅ ဦး၊ အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်းသားငါးဦး စုစုပေါင်း သင်တန်းသား ၆၀ တက်ရောက်ကြသည်။

အလားတူ မန္တလေးတိုင်း ရဲတပ်ဖွဲ့ အောင်ဆန်းခန်းမ၌လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား၅၅ဦး၊အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်းသားငါးဦး စုစုပေါင်း သင်တန်းသား ၆၀ တို့ဖြင့် သင်တန်းဆင်းပွဲ ကျင်းပခဲ့ရာ တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွန်း၎ တက်ရောက်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၂၀-၅-၂၀၀၅

မင်းဘူး
၄၄ ဒီဂရီစင်တီဂရိတ်

မကွေး၊ အောင်လံ
၄၂ ဒီဂရီစင်တီဂရိတ်

ဟင်္သာတ
၄၁ ဒီဂရီစင်တီဂရိတ်

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် (၂၁၉)၊(၁၂)လုံးတန်း၊ ရန်ကင်းမြို့နယ်နေ နှစ်ဖက်သောမိဘနှစ်ပါးနှင့် ကွယ်လွန်သူခင်ပွန်း ဦးမြင့်ဆွေဦးအားရည်စူး၍ ဒေါ်သန်းသန်းရီမိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ဖြစ်မြောက်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) ကျင်းပ

ရန်ကုန် မေ ၂၀

ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို ပဲခူးမြို့ သီရိဥသျှာခန်းမ၌ မေ ၁၉ ရက် နံနက် ၉နာရီတွင် ကျင်းပရာ ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပဲခူးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင် စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်များ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အမှုဆောင်များ၊ အရန်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ညီလာခံ ပထမပိုင်းကိုကျင်းပရာ အစီအစဉ်အရ ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ နာယက တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့သို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တောင်ငူခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၊ ပဲခူးမြို့မှ လုပ်ငန်းရှင်များနှင့် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၅၁၅သိန်းကို တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ ပဲခူးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိ ပဲခူးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သိန်းလွင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) အစီရင်ခံစာကို ပဲခူးခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးကျော်ကျော်(ငြိမ်း)၊ ပဲခူးခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးသိန်းဝင်း(ငြိမ်း)နှင့် ပဲခူးတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူးစိုးဝင်း(ငြိမ်း) တို့က ဖတ်ကြားကြသည်။

ဖတ်ကြားတင်သွင်း

ထို့နောက် ပဲခူးတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)၏ ရှေ့လုပ်ငန်းစဉ်ငါးရပ်နှင့်စပ်လျဉ်း၍ ပဲခူးမြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းမြိုင်(ငြိမ်း)က အမျိုးသားရေး၊ နိုင်ငံရေးကဏ္ဍကိုလည်းကောင်း၊ ကျောက်တံခါးမြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးကျော်စန်းထွန်း(ငြိမ်း)က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကိုလည်းကောင်း၊ ဖြူးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးစိုးညွန့်(ငြိမ်း)က စီးပွားရေးကဏ္ဍကိုလည်းကောင်း၊ ရေတာရှည်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးမောင်ဝင်း(ငြိမ်း)က လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍကိုလည်းကောင်း၊ တောင်ငူမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကျော်ကျော်နိုင်(ငြိမ်း)က ပြည်သူ့အကျိုးပြုကဏ္ဍကိုလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြသည်။ ယင်းနောက် သဘာပတိက ပဲခူးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)၏ ဆုံးဖြတ်ချက်သုံးရပ်၊ အတည်ပြုချက်တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းသုံးရပ်တို့ကို အတည်ပြုပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) အခမ်းအနားတွင် ပဲခူးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နာယက၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်တွင်းအခွန်များ ဦးစီးဌာန အခွန်အရပ်ရပ် ကောက်ခံရရှိမှုများအပေါ် သုံးသပ်

ရန်ကုန် မေ ၂၀

ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ် အခွန်အရပ်ရပ် ကောက်ခံရရှိမှုများအပေါ် သုံးသပ်ခြင်းနှင့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ် အခွန်လုပ်ငန်းဆိုင်ရာများ အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ဝဲပုံ)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း အခွန်ဦးစီးမှူးများ၊သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဆည်းပူးလေ့လာ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ပြည်နယ်၊ တိုင်း အခွန်ဦးစီးမှူးများ အားလုံးလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးအတွက် အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို အမြဲမပြတ် ဆည်းပူးလေ့လာနေရန် လိုအပ်ကြောင်း၊ ဒေသအလိုက်စီးပွားရေးလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးမှုအနေအထားများကို လေ့လာကြပြီး အခွန်ကောက်ခံရာတွင် အခွန်ဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပကတိအခြေအနေများနှင့် မှန်ကန်မျှတသည့် စည်းကြပ်မှုဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

အခွန်ပေးဆောင်မှုနည်းစနစ်များကို အများပြည်သူ အလွယ်တကူ သိရှိဆောင်ရွက်နိုင်မှု ဌာနရည်မှန်းချက်ဖြစ်သော ညီညွတ်မျှတသည့်အခွန်စနစ်၊ ပြည်သူများလိုလားစွာပါဝင်သည့် အခွန်စနစ်မျိုးဖြစ်ပေါ်လာနိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ရည်မှန်းချက်များနှင့်လိုက်လျောညီထွေရှိသောထိရောက်ထက်မြက်သည့် အခွန်စနစ် ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်၏ စွမ်းဆောင်နိုင်မှုကို စံနမူနာယူပြီး ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်အတွင်း အရှိန်အဟုန်မပျက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆွေးနွေးညှိနှိုင်း

ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ် အခွန်အရပ်ရပ် ကောက်ခံရရှိမှုများအပေါ် သုံးသပ်ခြင်းနှင့် ၂၀၀၅-၂၀၀၆ဘဏ္ဍာနှစ် အခွန်လုပ်ငန်းဆိုင်ရာများ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၀ရက်မှ မေ ၂၂ရက်အထိ ရန်ကုန်မြို့ ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်၌ ကျင်းပမည်ဖြစ်ပြီး ပြည်နယ်၊ တိုင်းအလိုက်၊ ဘဏ္ဍာနှစ်အလိုက် အခွန်လုပ်ငန်းများဆိုင်ရာ အကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အမျိုးသမီး ဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းက ဧရာဝတီတိုင်းကို အနိုင်ရဗိုလ်စွဲ

ရန်ကုန် မေ ၂၀

၂၀၀၅ ခုနှစ် ဒသမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဧရာဝတီတိုင်းအသင်းကဦးဆောင်ဂိုး စတင်သွင်းယူနိုင်သော်လည်း ရန်ကုန်တိုင်းက ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူလိုက်သဖြင့် ဒုတိယဆုဖြင့်သာ ကျေနပ်လိုက်ရသည်။ ရန်ကုန်တိုင်းအတွက် ဂိုးများကို ဇာလီဝင်း၊ ယမင်းသီတာလွင်နှင့် မူမူလွင်တို့က တစ်ဂိုးစီ သွင်းယူခဲ့ပြီး ဧရာဝတီတိုင်းအတွက် ဂိုးကို မြင့်သူဇာက သွင်းယူခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဗိုလ်လုပွဲ၌ အကောင်းဆုံးဆုရ ယမင်းသီတာလွင် (ရန်ကုန်) အား ဆုကြေးငွေကျပ်ငါးထောင် ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက အဖွဲ့ဝင်များနှင့် ဗဟိုလုပ်ငန်းကော်မတီဝင်များက စတုတ္ထဆုရ စစ်ကိုင်းတိုင်းအသင်းအားဆုကြေးငွေကျပ်တစ်သိန်းခွဲ၊ တတိယဆုရ မွန်ပြည်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားကျပ်သုံးသိန်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းအသင်းအားတစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားကျပ်ငါးသိန်း၊ ပထမဆုရ ရန်ကုန်တိုင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် ကော်မတီဝင်များက ပွဲစဉ်တစ်လျှောက် ဂိုးသမားအကောင်းဆုံးဆုရ အေးအေးသန်း(ဧရာဝတီ)၊ နောက်တန်း အကောင်းဆုံးဆုရ မိုးမိုးထွေး(ရန်ကုန်)၊အလယ်တန်း အကောင်းဆုံးဆုရ ယုမာမာစိုး(ဧရာဝတီ)၊ ရှေ့တန်း အကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရသီတာကြည်(ရန်ကုန်)တို့အား ဆုတံဆိပ်နှင့် ငွေသားကျပ်နှစ်သောင်းစီ ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အသန့်ရှင်းဆုံးအသင်းဆုရ ဧရာဝတီတိုင်းအသင်းအား ဆုဖလားနှင့် ငွေသားတစ်သိန်း ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရ ရန်ကုန်တိုင်းအသင်းအားတံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ငွေသားကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ပထမဆုရ ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

(ကြေးမုံ)

❀ **ကျောဖုံးမှ**

ကျွန်တော်တို့အဖွဲ့ဟာ ဦးခွန်ဆာအဖွဲ့နှင့်အတူ လက်နက်စွဲကိုင်ပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်ခဲ့တဲ့ ကာလတစ်လျှောက်လုံး နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုနဲ့ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြတဲ့ ညီအစ်ကိုပြည်သူလူထုကို ကောင်းကျိုးမပြုနိုင်ခဲ့တဲ့အပြင် လူထုထံက ကောက်ခံရယူတဲ့ဆက်ကြေးတွေနဲ့ ရပ်တည်ပြီး အစိုးရနဲ့ပြည်သူကို ဆန့်ကျင်တိုက်ခိုက်ပြီး အဖျက်အမှောင့်တွေသာ လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။

သံသယစိတ်

နိုင်ငံတော်အစိုးရဟာ ကျွန်တော်တို့ကို သားသမီး၊ ညီရင်းများပမာ သဘောထားကြီးစွာနဲ့ တစ်ချိန်က ကျွန်တော်တို့ ကျူးလွန်ခဲ့တဲ့အပြစ်တွေကို ခွင့်လွှတ်ပြီး ဒေသဖွံ့ဖြိုးရေးတွေ လုပ်ပေးတဲ့အပြင် ကျွန်တော်တို့အဖွဲ့တွေကို တစ်ဖွဲ့ချင်း ရပ်တည်နိုင်အောင် ထောက်ပံ့ပေးခဲ့ပေမယ့် ကျွန်တော်တို့ကတော့ သံသယစိတ်နဲ့ပဲ နေခဲ့ကြတာဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးတွေ တစ်နိုင်ငံလုံး လူမျိုးဘာသာမခွဲခြားဘဲ ဒေသအနှံ့ ဆောင်ရွက်ပေးနေရာမှာ တည်ငြိမ်အေးချမ်းတဲ့ဒေသတွေဟာ နေ့ချင်းညချင်း ဖွံ့ဖြိုးတိုးတက်လာနေတာကို တွေ့နေရပါတယ်။

ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့တွေရှိနေတဲ့ ဒေသတွေမှာတော့ နိုင်ငံတော်အစိုးရက ဘယ်လောက်ပဲ ဖွံ့ဖြိုးရေးလုပ်ပေးပေး ဒေသခံလူထုအနေနဲ့ ၎င်းတို့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေတဲ့ ဆက်ကြေးတွေကြောင့် အလုပ်ကို ကြိုးစားလုပ်လိုစိတ်မရှိဘဲ ဝမ်းဝရုံသာ စိုက်ပျိုးထုတ်လုပ်နေကြတော့ ဖွံ့ဖြိုးတိုးတက်သင့်သလောက် မတိုးတက်တာ တွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးမူတွေချပြီး ကျွန်တော်တို့ဒေသရဲ့ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနေပေမယ့် ဝန်ထမ်းတွေ ရဲရဲဝံ့ဝံ့မလာရဲတာကြောင့် ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့တွေရှိနေတဲ့ဒေသတွေဟာ ထိထိရောက်ရောက် အကျိုးမခံစားကြရပါဘူး။

နိုင်ငံတော်အစိုးရနဲ့ ဒေသအာဏာပိုင်တာဝန်ရှိသူများက ကျွန်တော်တို့ဒေသအတွက် ဖွံ့ဖြိုးရေးတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးတွေ တိုးတက်ပြီး ပြည်သူလူထု လူနေမှုအဆင့်အတန်း တိုးတက်အောင်လုပ်ပေးနေတာ၊ အောင်မြင်နေတာတွေဟာ ကျွန်တော်တို့အတွက်တော့ နေရထိုင်ရ ပို၍ပို၍ ခက်လာပါတယ်။

ပြည်သူလူထုမျက်နှာ၊ နိုင်ငံတော်အစိုးရရဲ့မျက်နှာကို ရင်ဆိုင်မကြည့်ဝံ့တဲ့ ခံစားချက်တွေ တစ်နေ့တခြားတိုးပွားပြီး ကိုယ့်အဖွဲ့တွေရဲ့လုပ်ရပ်ကို ပြန်လည်သုံးသပ်မိတာ ကြာလာကြပါပြီ။

ဒီလိုအခြေအနေမျိုးမှာပဲ ကျွန်တော်တို့ SSNA အဖွဲ့မှ တပ်မဟာ(၁၁)မှူး ဦးကန်နဟာ ၂၀၀၅ခုနှစ် ဧပြီလ ၁၂ရက်မှာ ၎င်းတို့တပ်ဖွဲ့ဝင်အားလုံး တညီတညွတ်တည်း လက်နက်နဲ့ ထာဝရငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်လိုက်တာဟာ ကျွန်တော်တို့အဖွဲ့တွေအတွက်သာမက ရှမ်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့တွေအတွက် **"မီးရှူးတန်ဆောင်လို ရှေ့ဆောင်လမ်းပြ"** လိုက်တာပါပဲ။

စံနမူနာယူ

ဒါနဲ့အတူ ဧပြီလ ၂၉ရက်နေ့မှာ ဦးအိုက်မုန်းခေါင်းဆောင်တဲ့ ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က တစည်းတလုံးတည်း လက်နက်နဲ့ ထာဝရငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့တာဟာ ကျွန်တော်တို့အတွက် စံနမူနာယူစရာ ဖြစ်ခဲ့သလို ကျွန်တော်တို့ ပြည်နယ်အပါအဝင် တစ်တိုင်းပြည်လုံးအတွက် စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးအလင်းရောင် ပေါ်ထွန်းခဲ့တာဖြစ်ပါတယ်။

ဒီလို ထာဝရငြိမ်းချမ်းရေး အလင်းရောင်တွေ ပေါ်ထွန်းလာပြီး ဒေသခံပြည်သူလူထုတွေ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ငြိမ်းချမ်းမှုရဲ့အရသာကို ခံစားနေရတာကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ဖို့ စဉ်းစားမိလာတုန်းမှာ ပြည်ပြေးစဝ်ခမ်ဖက ရုတ်တရက်ထပြီး ရှမ်းပြည်နယ်ကိုခွဲထွက်၍ လွတ်လပ်ရေး ကြေညာတာက ပေါ်လာတယ်။ ဒါဟာ အင်မတန်ဆိုးရွားပြီး မှားယွင်းတဲ့လုပ်ရပ်ကြီး ဖြစ်ပါတယ်။

စဝ်ခမ်ဖဟာ ပြည်ပြေးတစ်ဦးဖြစ်ပြီး ငယ်စဉ်ကတည်းက ပြည်ပရောက်နေတဲ့သူဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသခံ ရှမ်းတိုင်းရင်းသား ညီအစ်ကိုများရဲ့ ဒီနေ့ ဖြစ်ပေါ်ခံစားနေကြရတဲ့ ခံစားချက်ကို သူလုံးဝမသိနိုင်ပါဘူး။

ကျွန်တော်တို့က ငြိမ်းချမ်းတည်ငြိမ်မှုအတွက် လက်နက်ကို အပြီးအပိုင် စွန့်လွှတ်ဖို့ လုပ်နေတဲ့အချိန်မှာ ကျွန်တော်တို့ ရှမ်းပြည်နယ်ကို ရရှိပြီးတည်ငြိမ်အေးချမ်းမှုကိုပျက်အောင် တမင်လုပ်လိုက်တာ ဖြစ်ပါတယ်။

ဘယ်တော့မှမထောက်ခံ

ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ညီအစ်ကို လူမျိုးစုအချင်းချင်း စိတ်ဝမ်းကွဲပြီး သွေးချောင်းစီးအောင် တမင်လုပ်ကြလိုက်တဲ့ လုပ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဘယ်တော့မှ မထောက်ခံပါဘူး၊ ချက်ချင်းပဲ ဒါကို တုံ့ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

ဒီနေ့အချိန်အခါဟာ လက်နက်စွဲကိုင်ပြီး လူထုကို အကြောက်တရားနဲ့ ခြိမ်းခြောက်၊ အခွန်အခ ဆက်ကြေးကောက်ပြီး ဖိနှိပ်နေရမယ့်အချိန် မဟုတ်တော့ပါဘူး။ နိုင်ငံတော်အစိုးရရဲ့ စစ်မှန်တဲ့စေတနာ၊ လူမျိုးဘာသာ၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်ပြေးညီဖွံ့ဖြိုးအောင် ဆောင်ရွက်နေချိန်မှာ ကျွန်တော်တို့ တိုင်းရင်းသားတွေ၊ နယ်မြေလူထုတွေ အပြည့်အဝခံစားနိုင်အောင် လက်နက်တွေ စွန့်လွှတ်ပြီး စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရမယ့် အချိန်အခါ ဖြစ်နေပြီလို့ ယုံကြည်ပါတယ်။

ပြည်ပပယောဂ သွေးထိုးမြှောက်ပင့်မှုနဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်ကို လွတ်လပ်ရေးကြေညာပြီး ခွဲထွက်ဖို့ကြိုးစားနေတဲ့ ပြည်ပြေးစဝ်ခမ်ဖရဲ့ လုပ်ဆောင်ချက်နဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတို့ စည်းဝါးကိုက်ပြီး ကျွန်တော်တို့ တိုင်းပြည်နဲ့လူမျိုး ပျက်စီးရာပျက်စီးကြောင်း၊ ဒုက္ခရောက်စေဖို့ ဆောင်ရွက်နေတဲ့အတွက် ဒီလိုအန္တရာယ်ကို နိုင်ငံတော်အစိုးရနဲ့လက်တွဲပြီး စည်းစည်းလုံးလုံး ခုခံကာကွယ်ဖို့ လိုအပ်နေပါပြီ။

ရဲရဲဝံ့ဝံ့ပြုပြင်

ပြည်ပြေးစဝ်ခမ်ဖအဖွဲ့ရဲ့ လုပ်ရပ်တွေကိုလည်း ကျွန်တော်တို့ ရှမ်းပြည်နယ်ပြည်သူလူထုတစ်ရပ်လုံးက နေရာဒေသအသီးသီးမှ ဆန့်ကျင်ရှုတ်ချနေကြပါပြီ။ ဒီအချိန်မှာ လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်ဘဲ နိုင်ငံတော်အစိုးရအပေါ် သံသယစိတ်နဲ့ ရပ်တည်နေဖို့ လုံးဝမသင့်လျော်တော့ပါဘူး။ ကျွန်တော်တို့ရဲ့ မှားယွင်းခဲ့တဲ့လုပ်ရပ်အပေါ် အချိန်မီ ရဲရဲဝံ့ဝံ့ပြုပြင်ကြဖို့ အချိန်တန်လာပါပြီ။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ အမြင်မှန်ရလာကြတဲ့ SSNA တပ်မဟာ(၁၉)မှ တပ်ဖွဲ့ဝင်များအားလုံးအပေါ် စာနာခွင့်လွှတ်စိတ် အပြည့်အဝဖြင့် ယခုကဲ့သို့ နွေးနွေးထွေးထွေး၊ သောင်းသောင်းဖြဖြ ကြိုဆိုကြတဲ့ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများအားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သတင်းစဉ်)

ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉) တပ်ဖွဲ့အတွက် နိုင်ငံတော်ကထောက်ပံ့သော အဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်းများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ထောက်ပံ့သည့်ပစ္စည်းများကို တွေ့ရစဉ်။
(သတင်းရှေ့ဖုံး) (သတင်းစဉ်)

အမှာစကားပြောကြား

၁၉၈၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေးခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) **တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့်အခမ်းအနားတွင် သဘာပတိ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် အမှာစကားပြောကြားစဉ်။**
(သတင်းရှေ့ဖုံး) (သတင်းစဉ်)

❍ **စာမျက်နှာ ၅မှ**

ဖွံ့ဖြိုးနိုင်ပါလျက်နဲ့၊ တိုးတက်နိုင်ပါလျက်နဲ့ လက်နက်ကိုင်ဆူပူမှုရဲ့ ဒဏ်ကြောင့်သာ တိုးတက်မှု နှေးကွေးနေတယ်လို့ ကျွန်တော်တို့အားလုံး သဘောပေါက်ထားကြပါတယ်။

ဒီကနေ့မှာတော့ ဦးဂုဏ်ခေးနဲ့ ဦးခမ်းလျှန်တို့ ခေါင်းဆောင်တဲ့ SSNA တပ်မဟာ(၁၉)ဟာ ပြည်သူတွေရဲ့ သဘောထားအမှန်ကို သိရှိလာပြီး ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ခဲ့တဲ့အတွက် ကျွန်တော်တို့ ကျေးရွာအကြီးအကဲတွေ၊ ရပ်မိရပ်ဖတွေအားလုံး ဝမ်းသာမဆုံး ဖြစ်ကြရပါတယ်။

ဂုဏ်ယူလေးစား

မိမိတို့ဒေသ၊ မိမိတို့ပြည်သူတွေရဲ့ အကျိုးအတွက် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့ကြတဲ့ SSNA တပ်ဖွဲ့ဝင်အားလုံးရဲ့ မွန်မြတ်တဲ့စိတ်ဓာတ်ကို ဂုဏ်ယူလေးစားပါတယ်။

ဦးဂုဏ်ခေး၊ ဦးခမ်းလျှန်နဲ့တကွ အဖွဲ့ဝင်တွေအားလုံး ကျွန်တော်တို့ ချစ်မြတ်နိုးတဲ့ ဒီနမ့်ပေါင်မြေပေါ်မှာ လက်ရည်တစ်ပြင်တည်း လုပ်ကိုင်စားသောက်ကြရင်း တိုးတက်ကြပါစေ၊ ဘဝနောင်ရေး အေးချမ်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၅-၂၀၀၅ (စနေနေ့)

၁၃၆၇ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သတ္တသတ္တာဟ စံနေတော်မူခန်း (ဣန္ဒာဆွေ ရေးသားပူဇော်၍ ဖြူသီ သီဆိုပူဇော်သည်)
၈:၀၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၁၅	၆။	ဆွာချောင်းရေလှောင်တမံ
၈:၃၀	၇။	International News.
၈:၄၅	၈။	Happy and Educational English Summer Course MRTV.
၉:၀၀	၉။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာအရွယ်ကစားကြမယ်
၁၂:၀၅	၅။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၅၅	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဇောရဝိစ္စာနှင့် မိန္တာခွင်းဓား" (အပိုင်း-၄)**
၁:၃၅	၇။	ဆင်ဖြူရှင်တံတား
၁:၄၅	၈။	**"ကံ-ကံ၏အကျိုး" (ကျော်သူ၊ ရီဝေယံ၊ မေသဥ္ဇာဦး၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-မောင်နှင်းမိုး)**
၂:၂၀	၉။	အဆိုပြိုင်ပွဲ
၂:၂၅	၁၀။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၃၅	၁၁။	ဘော်ဘင်ရေလှောင်တမံ
၂:၄၅	၁၂။	International News.
၃:၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English For Everyday Use.
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅	၆။	တေးသရုပ်ဖော်အစီအစဉ်
၅:၂၅	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၅:၄၀	၈။	ကဆုန်လပြည့်နေ့တေးများ
၅:၅၅	၉။	ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
၆:၁၅	၁၀။	တေးဂီတအစီအစဉ်
၆:၃၀	၁၁။	ညနေခင်းသတင်း
၇:၀၀	၁၂။	မိုးလေဝသအခြေအနေ
၇:၀၅	၁၃။	Discovery.
၇:၁၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ" (အပိုင်း-၂၃)**
၇:၄၅	၁၅။	ရှုဖွယ်စုံညီ မြန်မာပြည်
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၄၂)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ၁၃၆၇ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၄နာရီခွဲတွင် ဆရာတော် သံဃာတော် အပါး ၅၀ ကျော်က ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ဆောင်ရွက်တော်မူကြပြီး ဗုဒ္ဓမြတ်စွာ၏ ကိုယ်ပွားတော် ပရိဘောဂစေတီဖြစ်သည့် ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြကာ ညောင်ရေသွန်းလောင်း ပူဇော်ပွဲတော် အခမ်းအနားကို ဖွင့်လှစ်မည်ဖြစ်သည်။

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးသို့ လာရောက်ကြသော ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တာအိုး၊ အောင်သပြေ၊ အမွှေးနံ့သာများကို နံနက် ၆နာရီမှ ညနေ ၆နာရီအထိ စီစဉ်ထားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

စက်ရေတွင်းကြံ့ခိုင်ရေး ကွင်းဆင်းစစ်ဆေး

ချောင်းဦး မေ ၁၂

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မဲမြစ်တောကျေးရွာရှိ အလှူရှင်စက်ရေတွင်းနှင့် တပ်ဆင်ထားသော ရေစက်များကို တာဝန်ခံအင်ဂျင်နီယာ ဦးတင့်လွင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဝင်းမင်းဦးတို့ ဧပြီ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

(မြို့နယ်စည်ပင်)

မိုးညှင်းမြို့ အုတ်ကျင်းရပ်ကွက် ကိုယ့်အားကိုယ်ကိုး ဉာဏ်ပြည့်ဖြိုး စာကြည့်တိုက်ကို ဧပြီ ၂၆ ရက်က ဖွင့်လှစ်ရာ မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက စာကြည့်တိုက်ကို လေ့လာကြည့်ရှုကြစဉ်။ (ခရိုင်ပြန်/ဆက်)

အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဖွင့်

ဖားကန့် မေ ၁၂

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူး၍ အမှုဆောင်များ စီမံခန့်ခွဲရေး(ဆင့်ပွား) သင်တန်း အမှတ်စဉ်(၉) ဖွင့်ပွဲကို မေ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ဆိပ်မူကျေးရွာ အုပ်စု အခြေခံပညာ အလယ်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

သင်တန်းဖွင့်ပွဲတွင် သဘာပတိ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ဆန်းညွန့် ဦးနှင့် မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းသိန်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖားကန့်မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်၁၀ဦးက သင်တန်းအတွက် အလှူငွေ ကျပ် ၈၈၀၀၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံရယူသည်။

သင်တန်းသို့ ဖားကန့်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၆ အုပ်စုမှ သင်တန်းသား၊ သင်တန်းသူ ၆၃ ဦး တက်ရောက်ပြီး သင်တန်းကို ရက်သတ္တတစ်ပတ်ကြာ ပို့ချခဲ့သည်။ **(က–ပ)**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ရွာတော်ကျေးရွာ ကျေးလက်လမ်း အရှည်ပေ ၄၄၀၀ ကျောက်ချောခင်းခြင်းကို မေ ၃ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စစ်တွေမြို့တွင် အမှိုက်ကင်းစင်ရေးနယ်မြေ သတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မေ ၁၂ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန် မေ ၂၀

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၅)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါဂျာနယ်တွင် သျှင်ပညာဇောတ၊ ဒေါက်တာကြည်လင်၊ ဒေါက်တာမာလာကို၊ ထက်ကောင်းလတ် (မင်းဘူး)၊ သူရိန်ဝင်း၊ ညွန့်ဟံ (ကြူတော)၊ မြတ်ရည်မွန်၊ အေးယုတင်(ခေတ္တရာမြေ)၊ ကြက်ခြေနီ(ကြည်ကြည်)၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်၊ အမျိုးသားစာပေဆုရ)၊ သူထူးအိမ် (ရေကင်း)၊ သက်သက်သင်း(ပညာရေး)၊ ပါမောက္ခ ဦးအေးမြင့် (ပထဝီဝင်)၊ စွန်ရဲမင်း (သစ်နဖား)၊ ကိုသက်(ဇီးကုန်း)၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ ဒေါက်တာမျိုးမင်းဇော်၊ မောင်ယင်းမာ(ရိုးပြတ်တော)တို့၏ ဆောင်းပါးများ၊ တက္ကသိုလ်နန်းဖြူဖြူထွန်း၊ အေးသိမ့်၊ လှပြုံးနိုင်(မန္တလေး)တို့၏ ကဗျာများ၊ မင်းသုကျော်၊ ယုမောင်တို့၏ ရုပ်ရှင်၊ ဗီဒီယိုအညွှန်း၊ ဆြာစန်း၏ ဗေဒင်ကဏ္ဍ၊ အင်္ဂလိပ်စကားပြော သင်ခန်းစာတို့ဖြင့် စုံလင်စွာဖော်ပြပါရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့အဝင် လမ်းဘေး ဝဲ၊ယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းကို မေ ၁၀ ရက်က စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၄၀၁)

ထပ်မံသတင်းရရှိ

ရန်ကုန် မေ ၂၀

၂၀–၅–၂၀၀၅ရက်နေ့ထုတ်သတင်းစာများတွင် ဖော်ပြပါရှိသည့် ပညာသင်စရိတ် ပံ့ပိုးငွေများပေးအပ်လှူဒါန်းသည့်သတင်း၌ အလှူရှင်မှာ"ခနအောင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုးသိန်းနှင့်ဇနီး ရန်ကုန်တိုင်း တွဲဖက်တရားသူကြီး ဒေါ်ခင်ချိုအုံး" အစား "ခနအောင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုးသိန်းနှင့်ဇနီး ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ချိုအုန်း" ဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၅–၂၀၀၆ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်

ပျော်ဘွယ် မေ ၁၀

ပျော်ဘွယ်မြို့နယ် ၂၀၀၅–၂၀၀၆ ခုနှစ် စီမံကိန်းတာဝန်များ ပေးအပ်ပွဲကို မေ ၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်၊ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးဆန်နီ၊ စီမံကိန်းဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ စီမံကိန်းလုပ်ငန်းများအောင်မြင်ရန်နှင့် အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်ကြရန် မှာကြားသည်။

ထို့နောက် မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဝင်းက ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းကော်မတီများဖွဲ့စည်းမှုနှင့် လုပ်ဆောင်ရမည့် တာဝန်များကို ရှင်းလင်းတင်ပြသည်။ **(၉၈)**

မြို့နယ် သတင်းများ



ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်သည့် ကြီးအိုင်ကျေးရွာ အုပ်စု တောက်တဲ့ရိုးကျေးရွာရှိ ဦးစံရှင်း၏ ကျေးလက် အိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို မေ ၇ ရက်က အမှုဆောင်အရာရှိ ဦးသန်းအေး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်က ကျေးလက်အိမ်ရာဆောက်လုပ်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အဆို၊ အက၊ အရေး၊ အတီးသင်တန်း ပန်းတနော်မြို့၌ဖွင့်

ပန်းတနော် မေ ၁၅

ပန်းတနော်မြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အခြေခံသင်တန်းဖွင့်ပွဲကို အထက မြတ်ပညာခန်းမဆောင်၌ မေ ၁ ရက်က ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်၊ အတွင်းရေးမှူး ဦးကျော်မိုးလွင်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် အမှုဆောင်များ၊ မြို့နယ်ပညာရေးမှူး ဦးထန်ကိုင်းနှင့် ကျောင်းအုပ်ဆရာကြီးများ၊ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရှေ့၊ အလယ်၊ အနောက် ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြသည်။ **(၁၆၆)**

၂၀၀၅ခုနှစ်ဧရာဝတီတိုင်း ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၃ ရက်က ပုသိမ်မြို့ တိုင်းကျန်းမာရေးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းကြက်ခြေနီ အတွင်းရေးမှူး ဒေါက်တာဦးအောင်စိန်က ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင် တစ်ဦးအား ဂုဏ်ပြုပစ္စည်းများ ချီးမြှင့်စဉ်။ (၁၆၅)

လက်နက်အပ်နှံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ထံ ရှမ်းပြည်အမျိုးသား တပ်မတော်(SSNA) တပ်မဟာ(၁၉) တပ်မဟာမှူး ဦးဂုဏ်ခေးက လက်နက်အပ်နှံစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

[redacted]

ရှမ်းပြည် အမျိုးသား တပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေးက ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်လဲလှယ် အပ်နှံဆောင်ရွက်ရသည့်အ ကြောင်း နှင့် ရည်ရွယ်ချက်၊ ၎င်းတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအား ကျေးဇူးတင်ကြောင်း ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၂၀

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေးခေါင်းဆောင်သော ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့်အခမ်းအနားတွင် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေးက ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်လဲလှယ် အပ်နှံဆောင်ရွက်ရသည့်အကြောင်းနှင့် ရည်ရွယ်ချက်၊ ၎င်းတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအား ကျေးဇူးတင်ကြောင်း ပြောကြားသည့်စကားမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျွန်တော်ဟာ ၁၉၇၉ခုနှစ်မှာ ဦးခွန်ဆာဦးစီးတဲ့ M.T.A အဖွဲ့မှာ ဝင်ရောက်ပြီး လက်နက်ကိုင်လမ်းစဉ်ကို ဆောင်ရွက်ခဲ့ရာမှ ၁၉၉၆ခုနှစ် ဦးခွန်ဆာအဖွဲ့ လက်နက်ချအလင်းဝင်ရောက်တဲ့အခါမှာ ကျွန်တော်တို့အဖွဲ့ဟာ SSNA ရှမ်းပြည်အမျိုးသားတပ်မတော်အဖြစ် နိုင်ငံတော်အစိုးရရဲ့ ယုံကြည်မှုတည်ဆောက်ရန် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❁

ပြည်ပြေးစဝ်ခမ်ဖအဖွဲ့ရဲ့ လုပ်ရပ်တွေကိုလည်း ကျွန်တော်တို့ ရှမ်းပြည်နယ် ပြည်သူလူထုတစ်ရပ်လုံးက နေရာဒေသအသီးသီးမှ ဆန့်ကျင်ရှုတ်ချနေကြပါပြီ။ ဒီအချိန်မှာ လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်ဘဲ နိုင်ငံတော်အစိုးရအပေါ် သံသယစိတ်နဲ့ ရပ်တည်နေဖို့ လုံးဝမသင့်လျော်တော့ပါဘူး။ ကျွန်တော်တို့ရဲ့ မှားယွင်းခဲ့တဲ့လုပ်ရပ်အပေါ် အချိန်မီ ရဲရဲဝံ့ဝံ့ပြုပြင်ကြဖို့ အချိန်တန်လာပါပြီ။

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေးခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က အပ်နှံသော လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

(သတင်းစဉ်)